# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၁၄၃)၊ ၁၃၈၇ ခုနှစ် ၊ ကဆုန်လဆန်း ၃ ရက် ၊ ၂၉-၄-၂၀၂၅၊ အင်္ဂါနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက မန္တလေးငလျင်ကြီး လှုပ်ခတ်မှုကြောင့် ပျံလွန်၊ ကွယ်လွန်ခဲ့ကြရသည့် ရဟန်း၊ ရှင်၊ လူ ပြည်သူများအားရည်စူး၍ တစ်လပြည့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲ ကျင်းပ

နေပြည်တော် ဧပြီ ၂၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့မှုကြောင့် ပျံလွန်၊ ကွယ်လွန်ခဲ့ကြရသည့် ရဟန်း၊ ရှင်၊ လူ ပြည်သူများအားရည်စူး၍ တစ်လပြည့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲကို ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်၌ ကျင်းပပြုလုပ်သည်။

အခမ်းအနားသို့ နေပြည်တော် လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒ၊ နိုင်ငံတော်သြဝါဒါစရိယ၊ တပ်ကုန်းမြို့ မဟာသီဟနာဒကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တအာစိဏ္ဏ တို့အမှူးပြုသော ဆရာတော်ကြီးများ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊

စာမျက်နှာ ၂၄ သို့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ပေါက်မြိုင်ဆရာတော်ကြီးထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဧပြီ ၂၈

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာအနှံ့အပြား၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး၊ နေပြည်တော်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ** လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၄ ပေမှ ၇ ပေခန့်ရှိနိုင်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ ဧလ

၂၀၂၅ ခုနှစ်၊ ဧပြီ ၂၉ ရက်၊ အင်္ဂါနေ့။
မန္တလေး

## တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများကို လိုအပ်သည်များ ထောက်ပံ့ပေးမည်

မန္တလေးငလျင်ကြီးကြောင့် အဖြေလွှာများ မီးလောင်ပျက်စီးသွားသော တိုင်းဒေသကြီး၊ ပြည်နယ်များအတွက် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ပြန်လည်ကျင်းပစစ်ဆေးမည်ဖြစ်ကြောင်းကို ပညာရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာထားခဲ့ပြီး ဖြေဆိုခွင့်ရရှိသူများစာရင်းကိုလည်း သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးရုံးများနှင့် စာစစ်ဌာနများတွင် ကြေညာပေးသွားမည်ဖြစ်သည်။

မန္တလေးငလျင်ကြီးကြောင့် အဖြေလွှာများ ပျက်စီးသွားသည့် တိုင်းဒေသကြီး၊ ပြည်နယ်များအတွက် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဧပြီ ၂၇ ရက် နံနက်ပိုင်းတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃)ရှိ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ညွှန့်ဖေက ဇွန် ၁၆ ရက်မှစ၍ တက္ကသိုလ်ဝင်စာမေးပွဲကို ပြန်လည်ဖြေဆိုရန် ကြေညာထားပြီးဖြစ်ကြောင်း၊ ကျောင်းသား၊ ကျောင်းသူများအကြား မျှတမှုရှိစေရေးအတွက် အဖြေလွှာများ ပျက်စီးသွားသော တိုင်းဒေသကြီး၊ ပြည်နယ်များတွင် တက္ကသိုလ်ဝင်စာမေးပွဲကို ပြန်လည်ဖြေဆိုစေခြင်းဖြစ်ကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ နေပြည်တော်ကောင်စီနယ်မြေနှင့် ကချင်ပြည်နယ်တို့တွင် ဘာသာစုံဖြေဆိုထားသော ကျောင်းသား၊ ကျောင်းသူပေါင်း ၆၃၀၀၀ ခန့်ရှိကြောင်း၊ ထိုကျောင်းသား၊ ကျောင်းသူများအတွက် လိုအပ်သော ပုံနှိပ်စာအုပ်များ၊ ဗလာစာအုပ်များ၊ ဘောပင်များ၊ ခဲတံ၊ ခဲဖျက်၊ ပေတံ စသည့် ကျောင်းသုံးပစ္စည်းများနှင့် လိုအပ်သည်များကို ဝန်ကြီးဌာနအနေဖြင့် ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံ၏ အနာဂတ်ဖြစ်သည့် ကျောင်းသား၊ ကျောင်းသူများ၏ စိတ်ဓာတ်ခွန်အား ပြန်လည်မြှင့်တင်ပေးရန် အားလုံးဝိုင်းဝန်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများအတွက် သတ်မှတ်ထားသော ကျောင်းများတွင် တက္ကသိုလ်များမှ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများက လာရောက်၍ သင်ကြားပို့ချသွားမည်ဖြစ်ပြီး အခြေခံပညာ ဆရာ၊ ဆရာမများက ဆက်လက်သင်ကြားလေ့ကျင့်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က သင်ကြားမည့်ကျောင်း၊ ဆရာ၊ ဆရာမစာရင်း၊ အချိန်ဇယားနှင့် သင်ခန်းစာများကို သေချာစွာ ပြင်ဆင်ထားရှိရန်နှင့် စပ်လျဉ်း၍လည်းကောင်း၊ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ကျောင်းသား၊ ကျောင်းသူများအတွက် သတ်မှတ်ထားသော ကျောင်းများ၊ စခန်းများတွင် သောက်ရေ၊ သုံးရေလုံလောက်စွာရရှိရေးနှင့် သန့်စင်ခန်းများ အဆင်ပြေစေရေးနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းပြောကြားသည်။

စာမေးပွဲဖြေဆိုဖို့အတွက် နိုင်ငံတော်က ရက်သတ်မှတ်ပေးထားပြီး လုံလောက်သည့်ပြင်ဆင်ချိန် ရရှိစေဖို့ကိုလည်း စီစဉ်ဆောင်ရွက်ပေးထားသည်။ စာမေးပွဲဖြေဆိုခွင့်ရရှိသူများ စာရင်းကိုလည်း သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးရုံးများနှင့် စာစစ်ဌာနများတွင် ကြေညာပေးသွားမည်ဖြစ်သည်။

လေ့ကျင့်သင်ကြားရေးစခန်းတွေ ဖွင့်လှစ်ပြီး သင်ကြားရေးဆရာ၊ ဆရာမတွေနှင့် revision သင်ကြားခြင်းတွေ ဆောင်ရွက်ပေးသွားမှာဖြစ်သည်။ လေ့ကျင့်သင်ကြားရေးစခန်းတွေမှာ တက္ကသိုလ်အသီးသီးက ဆရာ၊ ဆရာမများက ဘာသာရပ်တွေကို Short to the point သင်ကြားပို့ချပေးမှာဖြစ်ပြီး ကျောင်းမှာရှိသည့် ဆရာ၊ ဆရာမတွေက လေ့ကျင့်သင်ကြားလမ်းညွှန်ပေးမှာဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## မဟာမုနိရုပ်ရှင်တော်(ဘုရားကြီး)၊ ယဉ်ကျေးမှုပြတိုက်နှင့် စာကြည့်တိုက်သို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ကွင်းဆင်းစစ်ဆေး



**မန္တလေး ဧပြီ ၂၈**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန (ယဉ်ကျေးမှု)ဒုတိယဝန်ကြီး ဒေါ်နုမြတ်ဖုံသည် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်တို့နှင့်အတူ ငလျင်ဒဏ်ကြောင့် ပျက်စီးမှုရှိခဲ့သည့် မဟာမုနိရုပ်ရှင်တော်(ဘုရားကြီး)ရင်ပြင်တော်မှ ပျက်စီးမှုနေရာများ၊ ယဉ်ကျေးမှုပြတိုက်၊ စာကြည့်တိုက်နှင့် မြနန်းစံကျော်ရွှေနန်းတော် ယဉ်ကျေးမှုပြတိုက်သို့ ယနေ့ နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့သည်။ **(အပေါ်ပုံ)**

မဟာမုနိရုပ်ရှင်တော်(ဘုရားကြီး)အတွင်း ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးသည့် တန်ဆောင်းများ၊ မုခ်ဦးပြုပြင်ဆောင်ရွက်မှုများကို မဟာမုနိဂေါပကအဖွဲ့မှ ရှင်းလင်းတင်ပြရာ ရုပ်ပွားတော်မြတ်အား ငလျင်ဒဏ်ခံနိုင်ရေးအတွက် အများပြည်သူမှ ရွှေသင်္ကန်းကပ်လှူခြင်း ဆိုင်းငံ့ထားရန်၊ ပလ္လင်တော်တွင် ဝန်ပေါ့စေရေးအတွက် အဆင်တန်ဆာအချို့ကို ပြခန်းအတွင်း ပြသထားရှိရန်၊ မူလနံရံဆေးရေးပန်းချီမှတ်တမ်း ဓာတ်ပုံများနှင့် တိုက်ဆိုင်ပြီး ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန် မှာကြားခဲ့သည်။

ဆက်လက်၍ လမ်း၈၀၊ ၂၄ လမ်းရှိ မန္တလေးယဉ်ကျေးမှုပြတိုက်သို့ သွားရောက်ပြီး ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများကို မှတ်တမ်းဓာတ်ပုံများနှင့် မူလပုံများ နှိုင်းယှဉ်ပြသထားရှိရန် မှာကြားခဲ့သည်။ ထို့နောက် မြနန်းစံကျော်ရွှေနန်းတော် ယဉ်ကျေးမှုပြတိုက်သို့ ရောက်ရှိပြီး ပြတိုက်အတွင်း ထိခိုက်ပျက်စီးမှု လျော့နည်းခြင်းမှာ ယဉ်ကျေးမှုအမွေအနှစ်များ ခင်းကျင်းပြသထားရာ၌ ငလျင်ဒဏ်ခံနိုင်အောင် ဆောင်ရွက်ခဲ့မှုကို အတုယူဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၉)

## ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့် အခြားလူသုံးကုန်ပစ္စည်းများ ဈေးနှုန်းမြင့်တင်ရောင်းချမှုမရှိစေရေး ကွင်းဆင်းစစ်ဆေး

**အောင်လံ ဧပြီ ၂၈**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၌ ၂၀၂၅ ခုနှစ်၊ မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် အင်အားပြင်း မန္တလေးငလျင်ကြီးကြောင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများနှင့် အခြားလူသုံးကုန်ပစ္စည်းများ ဈေးနှုန်းမြင့်တက်မှု မရှိစေရေး၊ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေးတို့အတွက် ခရိုင်၊ မြို့နယ် ကုန်ဈေးနှုန်းတည်ငြိမ်ရေးအဖွဲ့ဝင်များက ယနေ့ နံနက် ၈နာရီက အောင်လံမြို့ပေါ်ရှိ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းအရောင်းဆိုင်များ၊ ဆေးနှင့်ဆေးပစ္စည်းအရောင်းဆိုင်များနှင့် အဆင့်မြင့်ဆန်ရောင်းဝယ်ရေးဆိုင်များသို့ လှည့်လည်ကွင်းဆင်းစစ်ဆေးခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ **(အပေါ်ပုံ)**



အဆိုပါ ကွင်းဆင်းရာတွင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဒေါ်မွန်မွန်အုန်းနှင့် ခရိုင်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှရွှေနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်မောင်နိုင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းနိုင်နှင့် ဝန်ထမ်းများ၊ စားသုံးသူရေးရာဦးစီးဌာန ခရိုင်တာဝန်ခံ ဦးကျော်မျိုးမင်း၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးရဲထွန်းနှင့်အဖွဲ့ဝင်များ ပူးပေါင်းလိုက်ပါ၍ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ အခြားလူသုံးကုန်ပစ္စည်းများ၊ ဆေးဆိုင်များ၊ ဆီဆိုင်၊ ဆန်ဆိုင်များတွင် ဈေးနှုန်းမြှင့်တင်ရောင်းချမှု မရှိစေရေးနှင့် ဖြစ်သင့်ဖြစ်ထိုက်သော ဈေးနှုန်းများဖြင့်သာ ရောင်းချစေရေးတို့အတွက် အသိပညာပေးထိန်းသိမ်းကြပ်မတ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**အာကာ(ပြန်/ဆက်)**

## ငလျင်ဘေးသင့်ပြည်သူများအား ကျန်းမာရေးအသိပညာပေး ရေသန့်ဆေးပြားများ ပေးဝေ၊ သန့်စင်ခန်းများ ဆေးဖျန်း

**မန္တလေး ဧပြီ ၂၈**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ် အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့များသည် သထုံမြို့နယ်နှင့် ချောင်းဆုံမြို့နယ် အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ ဧပြီ ၂၇ ရက်က မဟာအောင်မြေမြို့နယ်၊ စိန်ပန်းရပ်ကွက်၊ ကျောင်းသစ်ကျောင်း၊ ရွှေဂူကျောင်း၊ သစ်စက်ဝင်း၊ မဟာအောင်မြေအားကစားကွင်း၊ သံလျက်မော်အနောက်မီးလောင်ပြင်ရှိ ယာယီမီးဘေးသင့်အိမ်ထောင်စုများ၊ ရေနံသိုလှောင်ဖြန့်ဖြူးရေးဝင်း BOC၊ ၄၀၅(A) တိုက်တန်းယာယီကယ်ဆယ်ရေးစခန်းများသို့ သွားရောက်၍ ငလျင်ဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ကျန်းမာရေးပညာပေးခြင်း၊ ရေအရင်းအမြစ်များအား ကလိုရင်း ဆေးခတ်ခြင်း၊ ရေသန့်ဆေးပြားများ ပေးဝေခြင်း၊ သန့်စင်ခန်းများဆေးဖျန်းခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

အလားတူ အမရပူရမြို့နယ် အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေးအဖွဲ့များသည် ဧပြီ ၂၇ ရက်က ငလျင်ကယ်ဆယ်ရေးစခန်းများနှင့်ရပ်ကွက်များတွင် ရေတွင်းရေကန်များအား ကလိုရင်းဆေးခတ်ခြင်း၊ အဘိတ်ဆေးခတ်ခြင်း၊ မေးခိုင်ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်း၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ဆေးတိုက်ကျွေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၀၄၅)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com
ကြော်ငြာဌာန
ဖုန်း/Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊ ၇၃လမ်းနှင့်၇၄လမ်းကြား၊





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှနှင့် ဧည့်ပရိသတ်များက မန္တလေးငလျင်ကြီး လှုပ်ခတ်မှုကြောင့် ပျံလွန်၊ ကွယ်လွန်ခဲ့ကြရသည့် ရဟန်း၊ ရှင်၊ လူ ပြည်သူများအားရည်စူးပြီး ရေစက်သွန်းလောင်း အမျှပေးဝေစဉ်။

စာမျက်နှာ ၂၄ မှ

### ဆက်ကပ်လှူဒါန်း

ယင်းနောက် ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်ဇနီးတို့က မဟာသီဟနာဒဆရာတော်ကြီးထံလည်းကောင်း၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများက ဆရာတော်၊ သံဃာတော်များထံလည်းကောင်း လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

### အမျှပေးဝေ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် ပါဠိတက္ကသိုလ် မင်္ဂလာဇေယျုံ ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ ဝိမလဗုဒ္ဓိထံမှ တရားတော်များနာကြား၍ မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် ပျံလွန်၊ ကွယ်လွန်ခဲ့ကြရသည့် ရဟန်း၊ ရှင်၊ လူ ပြည်သူများအားရည်စူးပြီး ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ယင်းနောက်အခမ်းအနားကို "ဗုဒ္ဓ သာသနံ စိရံ တိဋ္ဌတု" သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းခဲ့သည်။

စာမျက်နှာ ၄ သို့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ် ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့်ဇနီး ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့်ဇနီး ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

စာမျက်နှာ ၃ မှ

ဆက်လက်၍ အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ ဒုတိယဝန်ကြီးချုပ်နှင့်ဇနီးနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်



**နေ့ဆွမ်းဆက်ကပ်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဆရာတော်ကြီးများအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။

# လျှော်ဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးအတွက် ပြည်တွင်း/ပြည်ပမှ အကူအညီ၊ အထောက်အပံ့ရရှိနိုင်ရေးနှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဧပြီ ၂၈



ငလျင်ဘေးသင့် ဒေသများ ပြန်လည်ထူထောင်ရေးအတွက် ပြည်တွင်း/ပြည်ပမှ အကူအညီ၊ အထောက်အပံ့များ ရရှိနိုင်ရေးနှင့် စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာငွေရှာဖွေရေးနှင့် ရန်ပုံငွေထိန်းသိမ်းရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ကော်မတီဒုတိယဥက္ကဋ္ဌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ငလျင်ဘေး တုံ့ပြန်ဆောင်ရွက်မှုနှင့်ပြန်လည်ထူထောင်ရေးအတွက် လက်ရှိကာလအထိ အလှူငွေလက်ခံရရှိမှု အခြေအနေများ၊ ငလျင်ဘေး ပြန်လည်ထူထောင်ရေးအတွက် သုံးစွဲဆောင်ရွက်မည့် ကိစ္စရပ်များနှင့် ပြည်တွင်း/ပြည်ပမှ အကူအညီ၊ အထောက်အပံ့ ရနိုင်ရေး နည်းလမ်းများကို သက်ဆိုင်ရာဌာနအဖွဲ့အစည်းများအနေဖြင့် ဝိုင်းဝန်းဆွေးနွေးပေးကြရန် ပြောကြားခဲ့သည်။

ဆက်လက်၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် နိုင်ငံတော်ဘတ်ဂျက်မှ ရန်ပုံငွေခွင့်ပြုချက်ရရှိထားမှုအခြေအနေ၊ ၂၀၂၁ ခုနှစ်မတိုင်မီကာလက ပြည်တွင်း/ပြည်ပမှ အကူအညီ၊ အထောက်အပံ့ရရှိမှု အခြေအနေများ၊ လက်ရှိကာလတွင် အကူအညီ၊ အထောက်အပံ့ရရှိနိုင်ရေး ဆောင်ရွက်မည့် ကိစ္စရပ်များကို ဆွေးနွေးတင်ပြခဲ့သည်။

ဆက်လက်၍ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ငလျင်ဘေး ဖြစ်ပွားပြီးကာလအတွင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ရန်ပုံငွေ၏ ရရှိသုံးစွဲ၊ လက်ကျန် အခြေအနေ၊ ယခင်ကာလများတွင် ဖြစ်ပွားခဲ့သော ဘေးအန္တရာယ်များအတွက် ပြည်တွင်း / ပြည်ပမှ အကူအညီ၊ အထောက်အပံ့ရရှိခဲ့မှု အခြေအနေများကို ဆွေးနွေးတင်ပြပြီး တက်ရောက်လာသူများက အကူအညီ၊ အထောက်အပံ့ရရှိနိုင်ရေး ဆောင်ရွက်ရမည့် နည်းလမ်းများကို ဝိုင်းဝန်းအကြံပြုဆွေးနွေးကြကာ အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

**နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်**

နေပြည်တော် ဧပြီ ၂၈

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မိုး/ဇလ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အိန္ဒိယ တပ်မတော်ဆေးကုသရေးအဖွဲ့ 60 Parachute Field Hospital ၌ ဆေးကုသမှုခံယူနေသူတစ်ဦးကို အားပေးစကားပြောကြားစဉ်။ (၆-၄-၂၀၂၅)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ယာယီဖွင့်လှစ်ကုသပေးလျက်ရှိသည့် အမေရိကန်အခြေစိုက် Samaritan's Purse International Relief Organization ရွှေ့လျားဆေးရုံ၌ ဆေးကုသနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (၉-၄-၂၀၂၅)

# နိုင်ငံတကာမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ၊ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့များ၊ ပြည်တွင်းရှာဖွေကယ်ဆယ်ရေးအဖွဲ့အစည်းများနှင့် ပရဟိတအဖွဲ့အစည်းအားလုံးကို ကျေးဇူးတင်ရှိကြောင်းနှင့် မှတ်တမ်းတင်ဂုဏ်ပြုကြောင်း သတင်းထုတ်ပြန်ချက်

နေပြည်တော် ဧပြီ ၂၈

မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများသို့ နိုင်ငံတော်အစိုးရအနေဖြင့် အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် နိုင်ငံတကာမှလည်း လူသားချင်းစာနာထောက်ထားမှုအကူအညီများနှင့် ဆေးဝါးများကို နေ့ရက်အလိုက် မြန်မာနိုင်ငံသို့ ပေးပို့လျက်ရှိသဖြင့် နိုင်ငံတော်နှင့် ပြည်သူများက ကျေးဇူးတင်ရှိကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံအတွင်းရှိ ငလျင်ဘေးဒဏ်သင့်ဒေသများသို့ ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် ရုရှား၊ တရုတ်၊ အိန္ဒိယ၊ ထိုင်း၊ စင်ကာပူ၊ မလေးရှား၊ ဘင်္ဂလားဒေ့ရှ်၊ ဗီယက်နမ်၊ ယူအေအီး၊ လာအို၊ ဘယ်လာရုစ်၊ အင်ဒိုနီးရှား၊ ဘူတန်၊ ဖိလစ်ပိုင်၊ ဂျပန်၊ နီပေါ၊ ပါကစ္စတန်၊ တူကီယဲ၊ အမေရိကန်၊ သီရိလင်္ကာ၊ ဩစတြေးလျ၊ အဇာဘိုင်ဂျန်၊ ဘရူနိုင်း၊ တောင်ကိုရီးယား၊ ဂျာမနီနှင့် ကမ္ဘောဒီးယား စသည့် နိုင်ငံပေါင်း ၂၆ နိုင်ငံတို့မှ လူသားချင်း စာနာထောက်ထားမှု အကူအညီပစ္စည်းများ ထောက်ပံ့ပေးခြင်း၊ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ရုရှား၊ တရုတ်၊ အိန္ဒိယ၊ ထိုင်း၊ စင်ကာပူ၊ မလေးရှား၊ ဘင်္ဂလားဒေ့ရှ်၊ ဗီယက်နမ်၊ ယူအေအီး၊ ဘယ်လာရုစ်၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နှင့် တူကီယဲ စသည့် နိုင်ငံ ၁၃ နိုင်ငံတို့မှ ဆေးအကာအကွယ် အဖွဲ့များ ပူးတွဲပါဝင်သည့် ရှာဖွေကယ်ဆယ်ရေးအဖွဲ့ ၁၆ ဖွဲ့၊ လူဦးရေ ၁၀၇၀ နှင့် ရှာဖွေကယ်ဆယ်ရေး ခွေး ၃၈ ကောင်တို့ဖြင့် ပြည်တွင်းရှိ အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ မြေပြင်ကွင်းဆင်း၍ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် အဆောက်အဦများ အတွင်းသို့ ရောက်ရှိ ပိတ်မိနေကြသည့်

စာမျက်နှာ ၆ သို့



ရုရှားနိုင်ငံမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များက မန္တလေးမြို့ ငလျင်ဘေးသင့်အဆောက်အအုံများအတွင်း ကူညီကယ်ဆယ်ရေးလုပ်ငန်း ဆောင်ရွက်စဉ်။ (၃-၄-၂၀၂၅)





တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အဌမအကြိမ် အကူအညီပစ္စည်းများ တင်ဆောင်လာသည့်လေယာဉ် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆိုက်ရောက်စဉ်။ (၂၂-၄-၂၀၂၅)



ထိုင်းနိုင်ငံမှပေးပို့သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ ကြိုဆိုလက်ခံစဉ်။ (၂၁-၄-၂၀၂၅)



စင်ကာပူနိုင်ငံမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များက အနံ့ခံခွေးများဖြင့် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ငလျင်ဘေးဒဏ်သင့် ဝန်ထမ်းအိမ်ရာများသို့ ကွင်းဆင်းရှာဖွေစဉ်။ (၃၁-၃-၂၀၂၅)

စာမျက်နှာ ၅ မှ

ပြည်သူများအား နိုင်ငံအလိုက် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများကို သက်စွန့်ကြိုးပမ်း ဆောင်ရွက်ခဲ့ကြပြီး ကယ်ဆယ်ရှာဖွေတွေ့ရှိခဲ့သည့် လူနာများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကိုလည်း ကယ်ဆယ်သည့် နေရာတွင်ပင် အမြန်ဆုံး ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

### ရှာဖွေတွေ့ရှိ

ထိုသို့ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်တွင်းရှာဖွေကယ်ဆယ်ရေး အဖွဲ့အစည်းများက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ လျှင်မြန်စွာ ဆောင်ရွက်မှုကြောင့် အသက်ရှင်ကျန်ရစ်သူ ၆၅၃ ဦးနှင့် Dead body ၇၇၈ ဦးတို့ကို ရှာဖွေတွေ့ရှိခဲ့ပါသည်။

### ကုသပေးနိုင်ခဲ့

ထို့ပြင် နိုင်ငံတကာဆေးအဖွဲ့များအနေဖြင့် တရုတ်၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ ရုရှား၊ အမေရိကန်၊ သီရိလင်္ကာ၊ တောင်ကိုရီးယား၊ ဂျာမနီ၊ အိန္ဒိယ၊ လာအို၊ နီပေါ၊ စင်ကာပူ၊ ဂျပန်နှင့် မလေးရှား စသည့် နိုင်ငံပေါင်း ၁၇ နိုင်ငံမှ ဆေးအဖွဲ့ ၂၈ ဖွဲ့၊ အဖွဲ့ဝင်စုစုပေါင်း ၁၁၅၂ ဦးတို့က ပြင်ပလူနာ ၂၉၂၀၆ ဦး၊ အတွင်းလူနာ ၉၅၇ ဦးနှင့် ခွဲစိတ်လူနာ ၁၀၈၄ ဦးတို့ကို အောင်မြင်စွာ ကုသပေးနိုင်ခဲ့ပါသည်။

ထိုသို့ နိုင်ငံတကာအဖွဲ့အစည်းများ၏ စွမ်းစွမ်းတမံ ဆောင်ရွက်ချက်များ၊ ပြည်တွင်း ရှာဖွေကယ်ဆယ်ရေး အဖွဲ့အစည်းများနှင့် ပရဟိတအဖွဲ့အစည်းအားလုံး၏ အများအကျိုးအတွက် နေ့မအား ညမနား သက်စွန့်ကြိုးပမ်း ပါဝင်ကူညီဆောင်ရွက်ချက်များကို နိုင်ငံတော်နှင့် မြန်မာပြည်သူပြည်သားများက လေးနက်စွာ အသိအမှတ်ပြု၍ လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်းနှင့် မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း ဖော်ပြအပ်ပါသည်။

အမျိုးသားသဘာဝ<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုကော်မတီ



မလေးရှားနိုင်ငံမှ ကူညီကယ်ဆယ်ရေးပစ္စည်းများ ရောက်ရှိလာစဉ်။ (၅-၄-၂၀၂၅)



ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ကယ်ဆယ်ရေးနှင့် ဆေးဘက်ဆိုင်ရာအဖွဲ့များ ရောက်ရှိစဉ်။ (၁-၄-၂၀၂၅)



ဗီယက်နမ်ပြည်သူ့တပ်မတော် စစ်ဦးစီးချုပ်ရုံး ရှာဖွေကယ်ဆယ်ရေးဌာနမှ ငလျင်ဘေးဒဏ်သင့် အဆောက်အအုံများကို စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်စဉ်။ (၃၁-၃-၂၀၂၅)



ယူအေအီးနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ထပ်မံရောက်ရှိလာစဉ်။ (၁၀-၄-၂၀၂၅)



လာအိုနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ တင်ဆောင်လာသည့် လေယာဉ်ဆိုက်ရောက်လာစဉ်။ (၄-၄-၂၀၂၅)



ဘယ်လာရုစ်နိုင်ငံမှ အကူအညီပစ္စည်းများဖြစ်သည့် ဆေးဝါးနှင့် တဲများပါဝင်သည့် ၁၉၄၀၀ ကီလိုဂရမ် တင်ဆောင်လာသည့် လေယာဉ်ဆိုက်ရောက်လာစဉ်။ (၇-၄-၂၀၂၅)



ဘူတန်နိုင်ငံ ဆေးဘက်ဆိုင်ရာ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့ နေပြည်တော်ရှိ ယာယီဆေးရုံ (ပေါင်းလောင်း)၌ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်စဉ်။ (၁၁-၄-၂၀၂၅)



အင်ဒိုနီးရှားနိုင်ငံမှ ဆေးဘက်ဆိုင်ရာ အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့ နေပြည်တော်မှ ပြန်လည်ထွက်ခွာစဉ်။ (၂၄-၄-၂၀၂၅)

စာမျက်နှာ ၇ သို့

စာမျက်နှာ ၆ မှ



ဖိလစ်ပိုင်နိုင်ငံမှ ကူညီကယ်ဆယ်ရေးပစ္စည်းများ ရောက်ရှိလာစဉ်။ (၁၂-၄-၂၀၂၅)




ဂျပန်နိုင်ငံမှ ဆေးကုသရေးအဖွဲ့များ နေပြည်တော်မှ ပြန်လည်ထွက်ခွာစဉ်။ (၅-၄-၂၀၂၅)




နီပေါနိုင်ငံမှ အကူအညီပစ္စည်းများနှင့် ဆေးဝါးများ ထပ်မံရောက်ရှိလာစဉ်။ (၁၀-၄-၂၀၂၅)



ပါကစ္စတန်နိုင်ငံမှ အကူအညီပစ္စည်းများနှင့် ဆေးဝါးများ ထပ်မံရောက်ရှိလာစဉ်။ (၃-၄-၂၀၂၅)



တူကီယဲနိုင်ငံမှ ကယ်ဆယ်ရေးအဖွဲ့ဝင်များပါဝင်သည့် ကယ်ဆယ်ရေးအဖွဲ့က မန္တလေးလျောင်ကြီးကြောင့် ပိတ်မိနေသူနှစ်ဦးအား အသက်ရှင်လျက် ကယ်ဆယ်ပေးခဲ့စဉ်။ (၁-၄-၂၀၂၅)




သီရိလင်္ကာနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုအကူအညီပစ္စည်းများနှင့် ဆေးဝါးများ ထပ်မံရောက်ရှိလာစဉ်။ (၁၂-၄-၂၀၂၅)



ဩစတြေးလျနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုအကူအညီပစ္စည်းများ ရောက်ရှိစဉ်။ (၈-၄-၂၀၂၅)



ဘရူနိုင်းနိုင်ငံမှ အကူအညီပစ္စည်းများ ဧပြီလအတွင်း ရောက်ရှိလာစဉ်။

စာမျက်နှာ ၈ သို့

စာမျက်နှာ ၇ မှ



AHA စင်တာမှ ပေးပို့သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီကယ်ဆယ်ရေးပစ္စည်းများ ဧပြီလအတွင်း ရောက်ရှိလာစဉ်။




ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး အာဆီယံနိုင်ငံများမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များအား ဂုဏ်ပြုနှုတ်ဆက်စဉ်။ (၆-၄-၂၀၂၅)



တူကီယဲနိုင်ငံမှ စေတနာရှင်အဖွဲ့များက လျှော်ဘေးဒဏ်သင့်ဝန်ထမ်းများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။ (၄-၄-၂၀၂၅)



ထိုင်းနိုင်ငံမှ ကူညီကယ်ဆယ်ရေးပစ္စည်းများ ရောက်ရှိလာစဉ်။ (၅-၄-၂၀၂၅)



ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) မှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများနှင့် ဆေးဝါးများရောက်ရှိစဉ်။ (၃-၄-၂၀၂၅)




နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ နိုင်ငံအသီးသီးမှ ထောက်ပံ့ရေးပစ္စည်းများ ရောက်ရှိစဉ်။ (၄-၄-၂၀၂၅)



တရုတ်ကယ်ဆယ်ရေးအဖွဲ့နှင့် Ramunioun Rescue တို့ ပူးပေါင်း၍ Sky Villa ကွန်ဒိုမှ ကိုယ်ဝန်ဆောင်အမျိုးသမီးအား ကယ်ထုတ်လာစဉ်။ ဆင်ဟွာ (၃၁-၃-၂၀၂၅)



မန္တလေးမြို့ ကယ်ဆယ်ရှာဖွေရေးလုပ်ငန်းများကို လုပ်ဆောင်နေသည့် ရုရှားအရေးပေါ်ကူညီကယ်ဆယ်ရေးအဖွဲ့မှ အထူးလေ့ကျင့်သင်ကြားထားသည့် အနံ့ခံခွေးလေးကို ဒေသခံတစ်ဦးက ချစ်ခင်နေသည့်မြင်ကွင်း။ MC

# နိုင်ငံတကာမှ ကူညီထောက်ပံ့သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများနှင့် ဆေးဝါးများအား ငလျင်ဘေးဒဏ်သင့်ပြည်သူများထံ အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေပေးလျက်ရှိ

နေပြည်တော် ဧပြီ ၂၈

၂၈-၃-၂၀၂၅ ရက်က လှုပ်ခတ်ခဲ့သော မန္တလေး မြေငလျင်ကြီးကြောင့် နေပြည်တော်ကောင်စီ နယ်မြေ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်း ဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရာ ဘေးသင့်ခဲ့သော ပြည်သူများအတွက် ပြည်တွင်း/ ပြည်ပ စေတနာရှင်၊ အလှူရှင်များ၏ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာအကူအညီ ပစ္စည်းများ၊ ဆေးဝါးများ လှူဒါန်းထောက်ပံ့မှုနှင့် မတ်လ ၃၀ ရက်နေ့မှ ဧပြီလ ၂၀ ရက်နေ့အထိ ဘေးသင့်ဒေသများသို့ ဖြန့်ခွဲထောက်ပံ့ဆောင်ရွက် မှုများကို သတင်းထုတ်ပြန်ပြီးဖြစ်ပါသည်။

ယခုအခါ ဧပြီလ ၂၁ ရက်နေ့မှ ၂၇ ရက်နေ့အထိ ရက်သတ္တပတ် ၁ ပတ်အတွင်း အိန္ဒိယနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ တရုတ်နိုင်ငံ ကူမင်းမြို့နှင့် နန်နင်းမြို့၊ ဘရူနိုင်းနိုင်ငံနှင့် AHA Centre တို့မှ ထပ်မံပေးပို့ လှူဒါန်းလာသော မိုးကာ၊ Hygiene Kit ၊ တစ်ကိုယ် ရေကျန်းမာရေးသုံး ပစ္စည်းစုံ၊ မီးဖိုချောင်သုံးပစ္စည်းစုံ၊ Kitchen Set ၊ စားသောက်ကုန်၊ လူသုံးကုန်၊ ဆေးနှင့် ဆေး ပစ္စည်းများအနက် ဆေးနှင့် ဆေးပစ္စည်းများကို ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းကော်မတီ (ကျန်းမာရေးဝန်ကြီးဌာန) သို့ လွှဲပြောင်းပေးခဲ့ပြီး ကျန်ပစ္စည်းများကို နေပြည်တော်၊ မန္တလေး တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့သို့ ဘေးသင့်လူဦးရေအချိုးဖြင့် ဖြန့်ခွဲပေးပို့ခဲ့ပြီးဖြစ်ပါသည်။

အထက်ဖော်ပြပါ ရက်သတ္တပတ် ၁ ပတ်အတွင်း လက်ခံရရှိသော လှူဒါန်းပစ္စည်းများ ခွဲဝေထောက်ပံ့မှု နှင့်စပ်လျဉ်း၍ ပြည်ထောင်စုနယ်မြေ နေပြည်တော် အတွင်းရှိ ဘေးသင့်ပြည်သူများနှင့် ဝန်ထမ်းမိသားစု များကို နေပြည်တော်ကောင်စီနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနတို့၏ အစီအစဉ်ဖြင့်လည်းကောင်း၊ ရန်ကုန်နှင့် နေပြည်တော်တို့မှတစ်ဆင့် မန္တလေးတိုင်း ဒေသကြီးသို့ မော်တော်ယာဉ်လေးစီးဖြင့် ပေးပို့ခဲ့ သည့် လှူဒါန်းပစ္စည်းများကို မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့်လည်းကောင်း၊ စစ်ကိုင်း တိုင်းဒေသကြီးသို့ မော်တော်ယာဉ်လေးစီးဖြင့် ပေးပို့ ထားသည့် လှူဒါန်းပစ္စည်းများကို စစ်ကိုင်းတိုင်း ဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့်လည်းကောင်း ခွဲဝေထောက်ပံ့ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပါသည်။

ငလျင်လှုပ်ခတ်ခဲ့သည့် ၂၈-၃-၂၀၂၅ ရက်နေ့မှ ယနေ့အထိ လှူဒါန်းပစ္စည်းများ ဖြန့်ခွဲပေးပို့မှု စုစုပေါင်းမှာ မန္တလေးတိုင်းဒေသကြီးသို့ မော်တော် ယာဉ် ၅၆ စီး၊ စစ်ကိုင်းတိုင်းဒေသကြီးသို့ မော်တော် ယာဉ် ၂၈ စီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)သို့ မော်တော် ယာဉ် ခုနစ်စီးဖြစ်ပါသည်။

နိုင်ငံတကာအလှူရှင်များမှ ၂၁-၄-၂၀၂၅ ရက်နေ့မှ ၂၇-၄-၂၀၂၅ ရက်နေ့အထိ ရက်သတ္တပတ် ၁ ပတ်အတွင်း ပေးပို့လှူဒါန်းသည့်ပစ္စည်းများကို ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ မန္တလေးတိုင်း ဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည် နယ်(တောင်ပိုင်း) ရှိ ဘေးသင့်ပြည်သူများအတွက် ဖြန့်ခွဲပေးပို့ထားမှုကို ပူးတွဲပါဇယားများဖြင့် ဖော်ပြ အပ်ပါသည်။ ထပ်မံလှူဒါန်းလာသည့် ပစ္စည်းများ ရောက်ရှိမှုနှင့် ငလျင်ဘေးသင့်ပြည်သူများထံ အမြန် ဆုံးရောက်ရှိဖြန့်ခွဲမှုတို့ကို တစ်ပတ်လျှင် တစ်ကြိမ် ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ကြောင်း သတင်း ထုတ်ပြန်အပ်ပါသည်။

သတင်းစဉ်



AHA Centre မှ ပေးပို့သည့် အကူအညီပစ္စည်းများ လက်ခံရယူစဉ်။



မန္တလေးတိုင်းဒေသကြီးအတွင်း အလှူပစ္စည်းများ ဖြန့်ခွဲထောက်ပံ့စဉ်။



နေပြည်တော်ကောင်စီနယ်မြေအတွင်း အလှူပစ္စည်းများ ဖြန့်ခွဲထောက်ပံ့စဉ်။



ရှမ်းပြည်နယ် အင်းလေးဒေသအတွင်း အလှူပစ္စည်းများ ဖြန့်ခွဲထောက်ပံ့စဉ်။

## စားသောက်ဆိုင်များနှင့် လက်ဖက်ရည်ဆိုင်များအား ကွင်းဆင်းစစ်ဆေး

မြင်းခြံ ဧပြီ ၂၈

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့၌ အစားအသောက် ရောင်းချသည့် ဝန်ဆောင်မှုနှင့် ပတ်သက်၍ စားသောက်ဆိုင် များနှင့် လက်ဖက်ရည်ဆိုင်များ အား ကွင်းဆင်းစစ်ဆေးခြင်းကို ယမန်နေ့ နံနက်ပိုင်းမှ စတင်ကာ ဆောင်ရွက်ကြသည်။

‘အစားအသောက်ရောင်းချ သည့် ဝန်ဆောင်မှုနှင့် ပတ်သက် ၍ စားသုံးသူ ပြည်သူများ နစ်နာ ဆုံးရှုံးမှု မရှိစေရေး၊ အစား အသောက်ပြုပြင်ရောင်းချသည့် နေရာများ သန့်ရှင်းစွာရရှိရေး၊ အစားအသောက် ကိုင်တွယ်ချက် ပြုတ်သူများ၊ ဝန်ဆောင်မှုပေးသူ များ၏ တစ်ကိုယ်ရေ သန့်ရှင်း ရေး၊ အစားအသောက်များ လတ် ဆတ်သန့်ရှင်းရေး၊ ပေးအပ်သည့် ဝန်ဆောင်မှုများနှင့် စပ်လျဉ်း၍ စားသုံးသူများအား လုံလောက် သည့် သတင်းအချက်အလက်များ ကို အသိပေးဖော်ပြပေးနိုင်ရေး၊ ရောင်းချသည့် စားသောက်ဖွယ်ရာ များ၏ အမျိုးအစား၊ အရွယ်အစား များအလိုက် ဈေးနှုန်းများ ပွင့်လင်း မြင်သာစွာ ရောင်းချပေးနိုင်ရေး စသည့် အချက်များကို ကွင်းဆင်း စစ်ဆေးခဲ့ပါတယ်’ဟု ခရိုင်စားသုံး သူရေးရာဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးသန်းစိုးက ပြောသည်။

အဆိုပါ ကွင်းဆင်းစစ်ဆေး ရာတွင် ခရိုင်စားသုံးသူရေးရာ ဦးစီးဌာန လက်ထောက်ညွှန်ကြား ရေးမှူးနှင့် ဝန်ထမ်းများ၊ ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာန၊ မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာ ရေးကော်မတီတို့နှင့်အတူ ကွင်း ဆင်းဆောင်ရွက်ခဲ့ကြောင်း သိရ သည်။



(အပေါ်ပုံ)

(၃၆၆)

# မန္တလေးလျှော်ကြီးကြောင့် မန္တလေးတိုင်းဒေသကြီးအတွင်း သေဆုံးသူများ၏ မိသားစုဝင်များအား ထောက်ပံ့ငွေများ ပေးအပ်ခြင်းနှင့် လတ်တလောစားသောက်ရေးအဆင်ပြေစေရန်(ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးပိ)တစ်လစာအတွက် ထောက်ပံ့ငွေများပေးအပ်ခြင်း အခမ်းအနားကျင်းပ

**မန္တလေး မေ ၂၈**

မန္တလေးလျှော်ကြီးကြောင့် မန္တလေးတိုင်းဒေသကြီးအတွင်း သေဆုံးသူများ၏ မိသားစုဝင်များအား ထောက်ပံ့ငွေများ ပေးအပ်ခြင်းနှင့် လတ်တလောစားသောက်ရေးအဆင်ပြေစေရန်(ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးပိ)တစ်လစာအတွက် ထောက်ပံ့ငွေများပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်ရှိ ဗထူးအားကစားကွင်းမိုးလုံလေလုံခန်းမ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့် ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများ၊ သေဆုံးသူများ၏ မိသားစုဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား မစတင်မီ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့ မြန်မာစံတော်ချိန် ၁၂ နာရီ ၅၁ မိနစ် ၀၂ စက္ကန့်တွင် ပြင်းအား ၇ ဒသမ ၇ ရစ်ချ်တာစကေးရှိ အလွန်အင်အားပြင်းထန်သည့် မန္တလေးလျှော်ကြီးလှုပ်ခတ်ခဲ့မှုကြောင့် အသက်ဆုံးရှုံးခဲ့မှုများနှင့် ပျက်စီးဆုံးရှုံးခဲ့ရမှုများအတွက် ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် တစ်မိနစ်ငြိမ်သက်၍ ဦးညွှတ်ဂါရဝပြုခဲ့ကြသည်။

၎င်းနောက် အခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က မန္တလေးလျှော်ကြီးလှုပ်ခတ်မှုကြောင့် သေဆုံးသူများအတွက် ကျန်ရစ်သူမိသားစုဝင်များအား ထောက်ပံ့ငွေပေးအပ်ခြင်းနှင့် နိုင်ငံတော်မှ လတ်တလောစားသောက်ရေးအဆင်ပြေစေရန်(ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးပိ)တစ်လစာအတွက် ထောက်ပံ့ငွေများပေးအပ်ခြင်း အခမ်းအနားဖြစ်ပါကြောင်း၊ ထောက်ပံ့ပေးအပ်မှုတွင် သေဆုံးသူတစ်ဦးလျှင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီမှ ငွေကျပ် ၁၀ သိန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ငွေကျပ် ၅ သိန်း၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ငွေကျပ် ၃ သိန်း၊ စုစုပေါင်းငွေကျပ် ၁၈ သိန်းနှင့် လတ်တလောစားသောက်ရေး အဆင်ပြေစေရန်(ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးပိ)တစ်လစာအတွက် ထောက်ပံ့ပေးအပ်ခြင်းဖြစ်ပါကြောင်း၊ နေအိမ်ပျက်စီးသွားသူများအတွက် ပျက်စီးဆုံးရှုံးမှုများကို စိစစ်ပြီး ထောက်ပံ့ပေးနိုင်ရေးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အားသွန်ခွန်စိုက်ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့် ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်တို့က တစ်ဦးလျှင် ထောက်ပံ့ငွေကျပ် ၁၈ သိန်းဖြင့် သေဆုံးသူ ၂၁၅၂ ဦးအတွက် စုစုပေါင်း ငွေကျပ် ၃၈၇၃၆၀၀၀၀၀ နှင့် နိုင်ငံတော်မှ မန္တလေးတိုင်းဒေသကြီးအတွင်း လျှော်ဘေးသင့်သူ ၁၃၇၀၈၁ ဦးအတွက် လတ်တလောစားသောက်ရေးအဆင်ပြေစေရန်(ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးပိ)တစ်လစာအတွက် ထောက်ပံ့ငွေကျပ် စုစုပေါင်း ၇၂၅၉၉၇၉၀၀၀ အား တက်ရောက်လာသည့် မိသားစုဝင်များနှင့် တာဝန်ရှိသူများထံ ပေးအပ်ခဲ့ပြီး အားပေးစကားများ ပြောကြားခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**















သတင်း-စာမျက်နှာ ၁၀


ရက်စွဲ။ ၂၈-၄-၂၀၂၅
နေရာ။ မန္တလေးမြို့






ရက်စွဲ။ ၂၈-၄-၂၀၂၅
နေရာ။ မန္တလေးမြို့


ရက်စွဲ။ ၂၈-၄-၂၀၂၅
နေရာ။ မန္တလေးမြို့


ရက်စွဲ။ ၂၈-၄-၂၀၂၅
နေရာ။ မန္တလေးမြို့


ရက်စွဲ။ ၂၈-၄-၂၀၂၅
နေရာ။ မန္တလေးမြို့


ရက်စွဲ။ ၂၈-၄-၂၀၂၅
နေရာ။ မန္တလေးမြို့

# မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် ပျံလွန်၊ ကွယ်လွန်၊ ရဟန်း၊ ရှင်၊ လူပြည်သူများအား ရည်စူး၍ တစ်လပြည့် နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခြင်း အခမ်းအနား ကျင်းပ





**မန္တလေး ဧပြီ ၂၈**

မတ်လ ၂၈ ရက် မွန်းလွဲပိုင်းက အင်အားအလွန်ပြင်းထန်သော မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့မှုဖြစ်စဉ်ကြောင့် တိုင်းဒေသကြီးအတွင်း အဆောက်အအုံများ ထိခိုက်ပြိုကျပျက်စီးခြင်း၊ အဆောက်အအုံများအတွင်း ပိတ်မိ၍ ထိခိုက်သေဆုံးခဲ့သူများစွာရှိခဲ့ပြီး ပျံလွန်တော်မူသွားခဲ့ကြသော ဆရာတော်၊ သံဃာတော်၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် သေဆုံးကွယ်လွန်သွားကြသူများအတွက် ဝမ်းနည်းခြင်းအထိမ်းအမှတ် တစ်လပြည့်အနေဖြင့် အမျှအတန်းပေးဝေခြင်း၊ ဆရာတော်အရှင်သူမြတ်တို့အား သင်္ကန်း အစရှိသော လှူဖွယ်ပစ္စည်းများနှင့် ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ ရေစက်ချအခမ်းအနားကို ယနေ့နံနက်ပိုင်းက အောင်မြေသာစံမြို့နယ်ရှိ စိတ္တသုခကျောင်း စိတ္တသုခဗိမာန်တော်တွင် ကျင်းပခဲ့သည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မြို့၊ မင်းကျောင်းပထမပြန်စာသင်တိုက်ဆရာတော်၊ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မစိုးရိမ်တိုက်သစ် မဟာနာယက၊ ဓမ္မသမိဒ္ဓိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မဟာဓမ္မိကာရာမတိုက်၊ ရတနာပုံကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီဟနာဒ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် စလင်းတဘဒ္ဓဝါဒီကျောင်းဆရာတော် ဘဒ္ဒန္တဝိလာသာဘိဝံသ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မန္တလေး)ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တကေသရ၊ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊ ကျောင်းအုပ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကေသဝ၊ တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မစိုးရိမ်တိုက်သစ်၊ ဓမ္မဂါရဝကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တတိက္ခိန္ဒြိယာဘိဝံသနှင့်ပင့်ဖိတ်ထားသည့် ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်နှင့် ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တာဝန်ရှိသူများ၊ အလှူရှင်မိသားစုများနှင့် ဖိတ်ကြားထားသည့် ဧည့်ပရိသတ်များ တက်ရောက်ကြည်ညိုကြပြီး နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ခဲ့သည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီးနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်နှင့် ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့် အလှူရှင်များက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

၎င်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မစိုးရိမ်တိုက်သစ်မဟာနာယက၊ ဓမ္မသမိဒ္ဓိကျောင်းဆရာတော်က ပျံလွန်၊ ကွယ်လွန်သွားကြသော ရဟန်း၊ ရှင်၊ လူပြည်သူများအား ရည်စူး၍ တစ်လပြည့် အခမ်းအနား ကျင်းပရခြင်းအား မိန့်ကြားတော်မူပြီးနောက် ရေစက်ချ၊ အမျှအတန်းပေးဝေကာ အနုမောဒနာတရားများကို နာယူကြည်ညိုကြပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**









သတင်း-စာမျက်နှာ ၁၂









## ကျေးရွာတွင်း ၄၀၀ ပို့ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**ညောင်ဦး ဧပြီ ၂၈**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် တောင်ဇင်းကျေးရွာအုပ်စု၊ ညောင်လှကျေးရွာ၌ ကျေးရွာတွင်း ၄၀၀ ဗို့ ဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညီညီဦးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်ပြည့်ဖြိုးနှင့် ဝန်ထမ်းများ၊ ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ညောင်လှကျေးရွာ၌ ကျေးရွာတွင်း ၄၀၀ ဗို့ ဓာတ်အားလိုင်းသွယ်တန်းခြင်း လုပ်ငန်းပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာသူ၊ ကျေးရွာသားများကို တွေ့ဆုံကာ ဆောင်ရွက်ပြီးစီးသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းသွားကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ညောင်လှကျေးရွာ၌ အရှည်ပေ ၃၁၀ ကျေးရွာတွင်း ၄၀၀ ဗို့ လျှပ်စစ်ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်းကို မြစိမ်းကျေးရွာစီမံကိန်း အတိုးရငွေ၏ ၅၀ ရာခိုင်နှုန်းဖြစ်သည့် ငွေကျပ်သိန်း ၁၅၀ အသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် မတ်လ ဒုတိယပတ်က လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးထံမှ သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**




## မန္တလေးငလျင်ကြီးကြောင့် သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိသူများအား ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနား ကျင်းပ

**မိတ္ထီလာ ဧပြီ ၂၈**

မိတ္ထီလာခရိုင်အတွင်း မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိသူများအား ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အဆိုပါ ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားတွင် မန္တလေးငလျင်ကြီးကြောင့် မိတ္ထီလာခရိုင်အတွင်းရှိ မိတ္ထီလာမြို့နယ်မှ သေဆုံးသူ ၁၄ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၃၃ဦး၊ သာစည်မြို့နယ်မှ သေဆုံးသူ ၄၇ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၆၄ ဦး၊ ဝမ်းတွင်းမြို့နယ်မှ သေဆုံးသူ ၅၃ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁ဦးတို့အတွက် သေဆုံးသူတစ်ဦးလျှင် ငွေကျပ် သုံးသိန်း၊ ထိခိုက်ဒဏ်ရရှိသူတစ်ဦးလျှင် ငွေကျပ် ငါးသောင်းနှုန်းဖြင့် ကာယကံရှင် မိသားစုဝင်များထံ ထပ်ဆင့်ပေးအပ်နိုင်ရေးအတွက် မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများထံသို့ ခရိုင်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်ဦးနှင့် အဖွဲ့ဝင်များ၊ ခရိုင်ဘေးအန္တရာယ်စီမံခန့်ခွဲမှု ဦးစီးဌာနမှ တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ) (၄၅၃)**

## ကျွန်းလှမြို့ သန့်ရှင်းသာယာလှပရေး စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**ကျွန်းလှ ဧပြီ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့ သန့်ရှင်းသာယာလှပရေးအတွက် ယမန်နေ့ နံနက် ၆ နာရီခွဲက ပျဉ်းမမြိုင်ရပ်ကွက်၊ သစ်ထုတ်လုပ်ရေးကွင်း၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ ဦးဆောင်ပြီး မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများ ပူးပေါင်း၍ ချုံနွယ်များ၊ မြက်များ၊ အမှိုက်များကို ခုတ်ထွင်ရှင်းလင်းကြကြောင်း သိရသည်။



**(၄၈၀)**


- မန္တလေးမြို့တော် သန့်ရှင်းရမည်။
- မန္တလေးမြို့တော် သာယာလှပရမည်။
- မြို့တော်နေလူထု စိတ်ချမ်းသာရမည်။

သတင်း-စာမျက်နှာ ၁၀


ရက်စွဲ။ ၂၈-၄-၂၀၂၅
နေရာ။ မန္တလေးမြို့


ရက်စွဲ။ ၂၈-၄-၂၀၂၅
နေရာ။ မန္တလေးမြို့


ရက်စွဲ။ ၂၈-၄-၂၀၂၅
နေရာ။ မန္တလေးမြို့


ရက်စွဲ။ ၂၈-၄-၂၀၂၅
နေရာ။ မန္တလေးမြို့


ရက်စွဲ။ ၂၈-၄-၂၀၂၅
နေရာ။ မန္တလေးမြို့


ရက်စွဲ။ ၂၈-၄-၂၀၂၅
နေရာ။ မန္တလေးမြို့


ရက်စွဲ။ ၂၈-၄-၂၀၂၅
နေရာ။ မန္တလေးမြို့



# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ပြန်လည်ကျင်းပစစ်ဆေးသည့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများကို သွားရောက်တွေ့ဆုံပြီး အားပေးစကားများပြောကြား၊ အနီးကပ်ပြန်လည်ပို့ချပေးနေမှုများကို လိုက်လံကြည့်ရှု

**မန္တလေး ဧပြီ ၂၈**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုး၊ တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးထွန်းနှင့် တာဝန်ရှိသူများလိုက်ပါပြီး ဖွန်လ ၁၆ ရက်မှ ၂၁ ရက်အထိ ပြန်လည်ကျင်းပစစ်ဆေးသည့် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဝင်ရောက်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများကို သွားရောက်တွေ့ဆုံ၍ အားပေးစကားများပြောကြားပြီး စာသင်ခန်းများတွင် ကျောင်းသား၊ ကျောင်းသူများအား ဘာသာရပ်အလိုက် အနီးကပ်ပြန်လည်သင်ကြားပေးနေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့သည်။

ထိုသို့ တွေ့ဆုံအားပေးရာ၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အောင်မြေသာစံမြို့နယ်ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းသို့ လည်းကောင်း၊ ချမ်းအေးသာစံမြို့နယ်ရှိ အမှတ်(၁၆)အခြေခံပညာအထက်တန်းကျောင်းသို့ လည်းကောင်း၊ အမရပူရမြို့နယ်ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းသို့ လည်းကောင်း၊ တံတားဦးမြို့နယ်ရှိ မြို့နယ်စည်ပင်သာယာခန်းမများ၌ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများအား တွေ့ဆုံပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က တက္ကသိုလ်ဝင်စာမေးပွဲ၌ ပြန်လည်ဖြေဆိုခွင့်ပြုထားသည့် ကျောင်းသား၊ ကျောင်းသူများ ဘာသာရပ်အားလုံးကို အဆင်ပြေချောမွေ့စွာဖြင့် ပြီးဆုံးသည်အထိ ဖြေဆိုနိုင်ရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် လာရောက်တွေ့ဆုံခြင်းဖြစ်ပါကြောင်း၊ Grade 12 သည် နိုင်ငံတကာပညာရေး GCE-A Level နှင့် ညီသည့်အတွက် ယခုစာမေးပွဲကို ကျောင်းသား၊ ကျောင်းသူအားလုံး ငလျင်ဒဏ်ကို ကြုံတွေ့ခံစားခဲ့ရသော်လည်း မလျှော့သော ဇွဲ၊ လုံ့လ၊ ဝီရိယနှင့် စိတ်အားထက်သန်စွာတို့ဖြင့် ကြိုးစားကာ ဘာသာရပ်အားလုံးကို ပြီးဆုံးသည်အထိ ဖြေဆိုသွားကြရမည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးကို ဂရုစိုက်ကာ ဘာသာရပ်အလိုက် ပြန်လည်ပို့ချပေးသည့် သင်ခန်းစာများကို စိတ်ပါဝင်စားစွာဖြင့် ကြိုးစားသင်ယူသွားကြရမည်ဖြစ်ပါကြောင်းနှင့် စာမေးပွဲကို အခက်အခဲမရှိ စိတ်ချမ်းမြေ့စွာဖြင့် ဖြေဆိုနိုင်ရန် လိုအပ်သည့် ထောက်ပံ့မှုများကို ဖြည့်ဆည်းပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဌင်းနောက် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီးနှင့် တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က နိုင်ငံတော်က ပြန်လည်ကျင်းပစစ်ဆေးသည့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများအတွက် လိုအပ်သည့် ထောက်ပံ့မှုများကို ဖြည့်ဆည်းထောက်ပံ့ပေးနေမှု၊ Grade-12 ဖြေဆိုရမည့်ရက်၊ တက္ကသိုလ်အသီးသီးမှ ပါမောက္ခများက ဘာသာရပ်အလိုက် Short to the point သင်ကြားပို့ချပေးသွားမည့် အစီအစဉ်၊ အကြောင်းအမျိုးမျိုးကြောင့် လာရောက်မသင်ကြားနိုင်သူများအတွက် Online မှ လေ့လာသင်ယူနိုင်ရန်နှင့် Education Channel မှ ပြန်လည်လေ့လာနိုင်ရန် စီစဉ်ပေးထားမှု၊ ဧပြီ ၂၈ ရက်မှ စတင်ပြီး မေလ ၂ ရက်နေ့အထိ လေ့ကျင့်သင်ကြားရေးစခန်းများတွင် ကျောင်းသား၊ ကျောင်းသူများကို လက်ခံသင်ကြားပေးနေမှု၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို တစ်ပြေးညီထုတ်ပြန်ပေးသွားမည့် အစီအစဉ်များ စသည့် ပြန်လည်ကျင်းပစစ်ဆေးသည့် တက္ကသိုလ်ဝင်စာမေးပွဲများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ တွေ့ဆုံပွဲများ၌ နိုင်ငံတော်က ပြန်လည်ကျင်းပစစ်ဆေးသည့် တက္ကသိုလ်ဝင်စာမေးပွဲများတွင် ဝင်ရောက်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများအတွက် ပုံနှိပ်သင်ရိုးညွှန်းတမ်းစာအုပ်များ၊ ဗလာစာအုပ်များနှင့် စာရေးကိရိယာများကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများထံ ထောက်ပံ့ပေးအပ်ခဲ့ပြီး အားပေးစကားများ ပြောကြားခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

၀-၀-၀-၀-၀














သတင်း-စာမျက်နှာ ၁၅

















သတင်း-စာမျက်နှာ ၁၅











သတင်း-စာမျက်နှာ ၁၀





## မွေးမြူရေးလုပ်ငန်းရှင်များမှ မန္တလေးမြို့ လျှော်ဘေးသင့်ပြည်သူများအား ကြက်ဥ၊ ကြက်သားများ သက်သာသောဈေးနှုန်းဖြင့် ရောင်းချ

**မန္တလေး ဧပြီ ၂၈**

မန္တလေးတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် မန္တလေးတိုင်းဒေသကြီး မွေးမြူရေးလုပ်ငန်းရှင်များအသင်းမှ မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ၆၂လမ်း၊ ၃၉ လမ်းနှင့် လမ်း၄၀ကြားရှိ မနော်ရမ္မကွင်း မြို့တော်ညဈေးနေရာတွင် အပတ်စဉ် ဗုဒ္ဓဟူး၊ စနေနေ့များတွင် နံနက် ၇ နာရီမှ ၁၀ နာရီအထိ ကြက်ဥ၊ ကြက်သားများအား လျှော်ဘေးသင့်ပြည်သူများအတွက် သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိသည်။

မန္တလေးတိုင်းဒေသကြီး မွေးမြူရေးလုပ်ငန်းရှင်များအသင်းမှ ဧပြီ ၂၆ ရက်က ရောင်းချပေးရာတွင် ကြက်ဥ ၁၁ လုံးပါတစ်ထုပ်လျှင် ငွေကျပ် ၄၀၀၀၊ သန့်စင်ပြီး ကြက်သားတစ်ပိဿာလျှင် ငွေကျပ် ၁၆၀၀၀ ဖြင့် ရောင်းချပေးခဲ့ပြီး ကြက်ဥ၊ ကြက်သားများအပြင် မွေးမြူရေးရွှေဝါငါးကြင်းများကိုလည်း ဈေးနှုန်းချိုသာစွာ ရောင်းချပေးကြောင်း သိရသည်။

**(အောက်ပုံ)(၀၄၅)**



သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ။

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## ပုပ်ရဟန်းမင်းကြီးသစ် ရွေးချယ်သည့် လုပ်ငန်းစဉ်စတင် ဂိုဏ်းထောက်များ ပဟိုအစည်းအဝေး မေလတွင် ကျင်းပမည်



**ရောမ ဧပြီ ၂၈**

ပုပ်ရဟန်းမင်းကြီး ဖရန်စစ်အား ဂူသွင်းသင်္ဂြိုဟ်သည့်နေရာသို့ လာရောက်ဂုဏ်ပြုကြသူများနှင့် ဝမ်းနည်းကြေကွဲသူများ စုဝေးနေကြစဉ်တွင်ပင် ကက်သလစ်ဘုရားကျောင်း၏ ခေါင်းဆောင် ပုပ်ရဟန်းမင်းကြီးသစ် ရွေးချယ်သည့် လုပ်ငန်းစဉ် စတင်ခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ဗာတီကန်သတင်းများအရ ယင်းအကူးအပြောင်းတွင် အသက် ၈၀ အောက် ဂိုဏ်းထောက် ၁၃၅ ဦးအထိ ပါဝင်သည့် ဗဟိုအစည်းအဝေးကို မေလတွင် ကျင်းပမည်ဖြစ်သည်။

တံခါးပိတ် အစည်းအဝေးများနှင့် မဲပေးခြင်းတို့သည် ၂၀ ရက်အထိ ကြာမြင့်နိုင်သည့် ဤသန့်ရှင်းလျှို့ဝှက်သည့် ရွေးကောက်ပွဲလုပ်ငန်းစဉ်၏ အစိတ်အပိုင်းများဖြစ်သည်။

"ဘုရားကျောင်းအတွင်း စွဲကိုင်ထားသော အခန်းကဏ္ဍအရ ပုပ်ရဟန်းမင်းကြီးသည် နံပါတ်တစ် ဥပဒေပြုသူဖြစ်ပြီး ၎င်းသည် ဘုရားကျောင်းကိုယ်စားပြောသည့်အခါ တစ်နည်းအားဖြင့် လူအားလုံးကို ကိုယ်စားပြုပြောဆိုခြင်းဖြစ်ကာ ကမ္ဘာတစ်ဝန်းလုံးကိုလည်း သူပြောဆိုနေခြင်းဖြစ်သည်"ဟု ဗင်းနစ်ဂိုဏ်းချုပ် ဖရန့်ဒီဝမ်က ရှင်းလင်းပြောကြားသည်။

အေဘီစီသတင်းအရ နှစ်သုံးထောင်ကျော်ကြာ သမိုင်းတစ်လျှောက် ကက်သလစ်ဘုရားကျောင်းတွင် ပုပ်ရဟန်းမင်းကြီး ၂၆၆ ပါး ရှိခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**Mon**

## ဂရင်းလန်ကျွန်းသည် ဝယ်ယူနိုင်သော ပစ္စည်းမဟုတ်ဟု ဝန်ကြီးချုပ်သစ် ဂျန်းစ်ဖရက်ဒရစ်နီကယ်ဆန် ပြောကြား

**ရေကျာဗစ် ဧပြီ ၂၈**

အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒိန်းမတ်နယ်မြေဖြစ်သော ဂရင်းလန်ကို အမေရိကန်က ထိန်းချုပ်သင့်ကြောင်း ထပ်ခါတလဲလဲ တောင်းဆိုမှုကို တုံ့ပြန်သည့်အနေဖြင့် မိမိတို့ကျွန်းသည် ဝယ်ယူနိုင်သော ပစ္စည်းတစ်ခု မဟုတ်ဟု ဂရင်းလန်ကျွန်း၏ ဝန်ကြီးချုပ်သစ်က ပြောကြားလိုက်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။



ယမန်နေ့က ကိုပင်ဟေဂင်သို့ သွားရောက်စဉ် ဂျန်းစ်ဖရက်ဒရစ် နီကယ်ဆန်က အမေရိကန်၏ "မလေးစားသော" စကားလုံးများကို ရင်ဆိုင်ရာတွင် ဂရင်းလန်နှင့် ဒိန်းမတ်တို့ အတူတကွ ရပ်တည်ရမည်ဟု ပြောကြားခဲ့သည်။

ဒိန်းမတ်ဝန်ကြီးချုပ် မက်တီ ဖရက်ဒရစ်ဆန်းနှင့်အတူ ပြောကြားရင်း ခေါင်းဆောင်နှစ်ဦးကြား ညီညွတ်မှုကို ပြသသည့် အခြားသော ဖြစ်ရပ်တစ်ခုအဖြစ် မှတ်ယူခံခဲ့ရသည်။

နီကယ်ဆန်သည် ဂရင်းလန်ကျွန်းသို့ လေးရက်ကြာ ခရီးစဉ်ထွက်ခွာလာသော ဒိန်းမတ်ဘုရင် ဖရက်ဒရစ်နှင့်အတူ ဧပြီ ၂၈ ရက်တွင် ဂရင်းလန်သို့ ပြန်လည်ရောက်ရှိလာမည်ဟု ဆိုသည်။

"ကျွန်ုပ်တို့သည် ဘယ်သူမှ ဝယ်ယူ၍မရနိုင်သော ပစ္စည်းတစ်ခု ဘယ်တော့မှဖြစ်လာမည် မဟုတ်ပါ၊ ထိုသတင်းစကားကို နားလည်ရန် အရေးကြီးဆုံးဟု ကျွန်ုပ်ထင်ပါသည်"ဟု ဂရင်းလန်၏ ဝန်ကြီးချုပ်ဖြစ်လာသူ နီကယ်ဆန်က ပြောကြားခဲ့ကြောင်း သိရသည်။ **Mon**

## တရုတ်နှင့် အလယ်အာရှနိုင်ငံများ သံတမန်အဆင့်ဆွေးနွေးပွဲ ကာဇက်စတန်နိုင်ငံ အလ်မာတီမြို့တွင် ကျင်းပ

**အက်စတာနာ ဧပြီ ၂၈**

တရုတ်နှင့် အလယ်အာရှနိုင်ငံများ ပထမဆုံး သံတမန်အဆင့်ဆွေးနွေးပွဲကို ကာဇက်စတန်နိုင်ငံ အလ်မာတီမြို့တွင် ကျင်းပပြုလုပ်ခဲ့ပြီး လွတ်လပ်သော ကုန်သွယ်ရေးကို မြှင့်တင်ရန်၊ ဆက်သွယ်ရေးလမ်းကြောင်းများ တည်ဆောက်ရန်နှင့် ဘက်ပေါင်းစုံပူးပေါင်းဆောင်ရွက်မှုကို ထိန်းသိမ်းရန် သဘောတူညီမှုများနှင့် ထိရောက်သော လုပ်ငန်းစီမံချက်များ ချမှတ်နိုင်ခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။




သံတမန်များသည် တရုတ်-အလယ်အာရှ ပူးပေါင်းဆောင်ရွက်မှုကို အဆင့်မြှင့်တင်ရန် နယ်ပယ်အသီးသီးတွင် နက်နက်ရှိုင်းရှိုင်း ဆွေးနွေးခဲ့ကြသည်။ ဤအစည်းအဝေးသည် ဇွန်လတွင် ကာဇက်စတန်နိုင်ငံ အက်စတာနာမြို့၌ ကျင်းပမည့် ဒုတိယ တရုတ်-အလယ်အာရှ ထိပ်သီးအစည်းအဝေးအတွက် လမ်းခင်းပေးနိုင်မည်ဟု မျှော်မှန်းထားသည်။

ဝါရှင်တန်မှ စတင်ခဲ့သော ကုန်သွယ်ရေး စစ်ပွဲများနှင့် အကောက်ခွန်စစ်ပွဲများ ဆက်လက်ရှိနေစဉ်တွင် နိုင်ငံခြောက်နိုင်ငံသည် တစ်ဖက်သတ်ဝါဒနှင့် ကာကွယ်ရေးဝါဒကို ပူးပေါင်းပယ်ချရန် ညီညွတ်မှုအသစ်ကို ပြသခဲ့သည်ဟု အရာရှိများက ပြောကြားခဲ့သည်။

တရုတ်-အလယ်အာရှ ပူးပေါင်းဆောင်ရွက်မှုယန္တရားကို ၂၀၂၀ ပြည့်နှစ်တွင် စတင်ခဲ့ပြီး ပထမဆုံး တရုတ်-အလယ်အာရှ ထိပ်သီးအစည်းအဝေးကို ၂၀၂၃ ခုနှစ်တွင် ရှန်းရှီးပြည်နယ် ရှီအန်မြို့၌ ကျင်းပခဲ့ကြောင်း သိရသည်။ **Mon**

## တိုက်တန်းနစ်သင်္ဘောခရီးသည်တစ်ဦး ရေးသားခဲ့သည့်စာ လေလံတင်ရောင်းချရာ စတာလင်ပေါင် ၃၀၀၀၀၀ ရရှိ





**လန်ဒန် ဧပြီ ၂၈**

တိုက်တန်းနစ်သင်္ဘောမနစ်မြုပ်မီက ခရီးသည်တစ်ဦး ရေးသားခဲ့သည့်စာကို ဗြိတိန်နိုင်ငံတွင် မကြာသေးမီက လေလံတင်ရောင်းချရာ စတာလင်ပေါင် ၃၀၀၀၀၀ (အမေရိကန်ဒေါ်လာ ၄၀၀၀၀၀) စံချိန်တင်ရရှိခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ဗိုလ်မှူးကြီး အာချီဘောဂရာစီး၏စာကို ဝစ်ရှိုင်းယားနယ်ရှိ လေလံအိမ်တွင် အမည်မဖော်လိုသော ဝယ်ယူသူတစ်ဦးက မျှော်မှန်းဈေး စတာလင်ပေါင် ၆၀၀၀၀ ထက် ငါးဆမြင့်သောဈေးဖြင့် ဝယ်ယူခဲ့သည်။

ယင်းစာကို နိမိတ်ဖတ်သည့်စာဟု ဖော်ပြကြပြီး လမ်းခရီးဆုံးသည်အထိ စောင့်မည်ဟု ဗိုလ်မှူးကြီး အာချီဘောဂရာစီးက ရင်းနှီးသူတစ်ဦးကို ပြောကြားခဲ့ကြောင်း သိရသည်။

**Mon**

## အိန္ဒိယနှင့်ပါကစ္စတန်တို့အကြား တင်းမာမှုများ မြင့်တက်တာဝန်သိသော အဖြေရှာဖွေရန် အမေရိကန် တိုက်တွန်း



**ဝါရှင်တန် ဧပြီ ၂၈**

အိန္ဒိယနှင့် ပါကစ္စတန်တို့အကြား တင်းမာမှုများ မြင့်တက်လာသည့်အချိန်တွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ထိုနှစ်နိုင်ငံကို တာဝန်သိသော အဖြေရှာဖွေရန် တိုက်တွန်းလျက် အိန္ဒိယနှင့်ပါကစ္စတန်တို့နှင့် ဆက်သွယ်နေသည်ဟု ဧပြီ ၂၇ ရက်တွင် ထုတ်ဖော်ပြောကြားကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

တိုက်ခိုက်မှုဖြစ်ပွားပြီးနောက်ပိုင်းတွင် အမေရိကန်အစိုးရက အိန္ဒိယအား ထောက်ခံကြောင်း ဖော်ပြသော်လည်း ပါကစ္စတန်ကို ဝေဖန်ခြင်း မပြုခဲ့ပေ။

ဧပြီ ၂၂ ရက်က အိန္ဒိယထိန်းချုပ်သော ကက်ရှ်မီးယားတွင် ဖြစ်ပွားပြီး လူ ၂၀ ကျော် သေဆုံးခဲ့သည့် ပစ်ခတ်တိုက်ခိုက်မှုအတွက် အိန္ဒိယက ပါကစ္စတန်ကို အပြစ်တင်သော်လည်း ပါကစ္စတန်က တာဝန်မရှိဟု ငြင်းဆိုကာ ကြားနာစစ်ဆေးရန် တောင်းဆိုခဲ့သည်။

ပြောင်းလဲနေသည့် အခြေအနေဖြစ်ပြီး မိမိတို့အနေဖြင့် နီးကပ်စွာ စောင့်ကြည့်လျက်ရှိသည်။ အိန္ဒိယနှင့် ပါကစ္စတန်အစိုးရများနှင့် အဆင့်မျိုးစုံတွင် ဆက်သွယ်နေသည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူတစ်ဦးက ထုတ်ဖော်ပြောကြားသည်။

ထို့ပြင် ယင်းပြောရေးဆိုခွင့်ရှိသူက အမေရိကန်သည် နှစ်ဖက်စလုံးကို တာဝန်သိသော အဖြေတစ်ခုရရှိရန် အတူတကွ လုပ်ဆောင်ရန် အားပေးသည်ဟု ဖြည့်စွက်ပြောကြားခဲ့ကြောင်း သိရသည်။

**Mon**

## ကနေဒါ၌ ဖြစ်ပွားသော ကားမောင်းပြီး ဝင်တိုက်မှုကျူးလွန်သူ စိတ်ကျန်းမာရေးပြဿနာရှိသည်ဟု ရဲတပ်ဖွဲ့က အတည်ပြု

**အော့တဝါ ဧပြီ ၂၈**

ကနေဒါနိုင်ငံတွင် ဖိလစ်ပိုင်လူမျိုးများ စုဝေးကျင်းပသည့် လမ်းပေါ်ပါတီတစ်ခုကို ကားမောင်းပြီး ဝင်တိုက်မှုဖြင့် လူ ၁၁ ဦး သေဆုံးခဲ့ရသည့်ဖြစ်စဉ်နှင့်ပတ်သက်သည့် သံသယရှိသူသည် တမင်သက်သက် ပြုလုပ်ခဲ့ခြင်းဖြစ်သည့်အပြင် စိတ်ကျန်းမာရေးပြဿနာရှိသူဖြစ်သည်ဟု ရဲတပ်ဖွဲ့က ဧပြီ ၂၇ ရက်တွင် ပြောကြားခဲ့ပြီး သေဆုံးသူဦးရေ ထပ်မံတိုးလာနိုင်သည်ဟု သတိပေးခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ဗန်ကူးဗားမြို့အနောက်ပိုင်းတွင် ဧပြီ ၂၇ ရက် ညနေက ဖြစ်ပွားခဲ့သည့် ယင်းတိုက်ခိုက်မှုအတွက် လှုံ့ဆော်မှုအကြောင်းရင်းကို အတည်မပြုနိုင်သေးသော်လည်း အကြမ်းဖက်မှုမဟုတ်ဟု ရဲတပ်ဖွဲ့က သုံးသပ်သည်။

ထိုကားမောင်းဝင်တိုက်မှုသည် ကနေဒါနိုင်ငံ၏ အဓိကမဟာမိတ်နှင့် ကုန်သွယ်ဖက်နိုင်ငံဖြစ်သည့် အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်၏ ကနေဒါထုတ်ကုန်များအပေါ် အတိုးနှုန်းများနှင့် မြောက်ဘက်အိမ်နီးချင်းကို သိမ်းပိုက်ရန် ခြိမ်းခြောက်မှုများကြောင့် လွှမ်းမိုးထားသည့် အထွေထွေ ရွေးကောက်ပွဲမတိုင်မီ တစ်ရက်အလိုတွင် နိုင်ငံတစ်ဝန်းကို စိတ်လှုပ်ရှားသွားစေခဲ့သည်။

အသက် ၃၀ အရွယ် သံသယရှိသူသည် အနက်ရောင် အော်ဒီအက်စ်ယူဗွီကားမောင်းနေစဉ် စိတ်ကျန်းမာရေးစောင့်ရှောက်မှုပညာရှင်များနှင့် များစွာ ထိတွေ့မှုရှိခဲ့ကြောင်း သိရသည်။

**Mon**

0-0-0-0-0

# အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၂၅၅ ဦးကို ပြည်နှင်လွှဲပြောင်းပေးအပ်ခဲ့ပြီး ပြည်ပနိုင်ငံသား သုံးဦးအား ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်

နေပြည်တော် ဧပြီ ၂၈

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းအသုံးပြု လိမ်လည်မှု (Online Scam) နှင့် အွန်လိုင်းလောင်းကစားမှု (Online Gambling) လုပ်ဆောင်နေသူများ၊ ပါဝင်ပတ်သက်သူများအားလုံးကို ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်လျက်ရှိရာ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-မင်းလက်ပံ၊ မဲ့ထော်သလေးနှင့် ကျောက်ခတ်နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများအပါအဝင် ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၂၅၅ ဦးကို ယနေ့တွင် မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ပြည်ပနိုင်ငံသား သုံးဦးကို ထပ်မံစစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့သည်။

ဦးစွာ ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်က ယနေ့နံနက်ပိုင်းတွင် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ပြည်ပနိုင်ငံသားများအား ပြည်နှင်လွှဲပြောင်းပေးရေး လုပ်ငန်းစဉ်များတွင် လိုအပ်သည့် ကိုယ်ရေးအချက်အလက် အထောက်အထားများနှင့် စာရင်းဇယားများ ပြည့်စုံမှန်ကန်ကိုက်ညီမှုရှိရေးတို့ကို မှာကြားသည်။




ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများ၊ မလေးရှားနိုင်ငံဆိုင်ရာ ယူဂန္ဒာသမ္မတနိုင်ငံသံရုံးမှ Ambassador H.E. Ms. Betty O. Bigombe နှင့် တာဝန်ရှိသူများ၊ မလေးရှားနိုင်ငံဆိုင်ရာ ဇင်ဘာဘွေသမ္မတနိုင်ငံသံရုံးမှ Minister Counsellor Ms. Tsitsi Kangai – Kasirowori နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဗီယက်နမ်သံရုံးမှ First Secretary Ms. Nguyen Thi Kim Chung နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ပါကစ္စတန်သံရုံး First Secretary Mr. Fahd Saleem နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်သည်။

အလားတူ မြဝတီမြို့ မဲ့ထော်သလေး (KK Park) နယ်မြေသို့ တရားမဝင် လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့် အင်ဒိုနီးရှားနိုင်ငံသား သုံးဦးကို ယနေ့တွင် ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဧပြီ ၂၈ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၀၄၃ ဦးကို စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ပြီး ၇၅၆၇ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ပြည်ပနိုင်ငံသား ၁၄၇၅ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်မှ ယနေ့အထိ စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့သည့် ပြည်ပနိုင်ငံသား ၉၀၄၃ ဦးသည် တရုတ်၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ မလေးရှား၊ ပါကစ္စတန်၊ အိန္ဒိယ၊ ယူဂန္ဒာ၊ အီသီယိုးပီးယား၊ နီပေါ၊ ထိုင်း၊ ရဝမ်ဒါ၊ ကင်ညာ၊ ကာဇက်စတန်၊ ကမ္ဘောဒီးယား၊ ဂါနာ၊ ဘင်္ဂလားဒေ့ရှ်၊ ဂျပန်၊ သီရိလင်္ကာ၊ တောင်အာဖရိက၊ တူနီးရှား၊ အယ်ဂျီးရီးယား၊ ကွန်ဂို၊ ကင်မရွန်း၊ ဥဇဘက်ကစ္စတန်၊ နိုင်ဂျီးရီးယား၊ ကာဂျစ္စတန်၊ နမီးဘီးယား၊ မာဒါဂတ်စကား၊ ရိုမေနီးယား၊ လိုက်ဘေးရီးယား၊ ရုရှား၊ ဖိလစ်ပိုင်၊ ဇင်ဘာဘွေ၊ မာလဝီ၊ ဆီယာရာလီယွန်၊ ဘူရွန်ဒီနှင့် တရုတ် (တိုင်ပေ)တို့မှ နိုင်ငံသားများဖြစ်ကြပြီး ထပ်မံ၍ တရားမဝင် လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်နေကြသည့် ပြည်ပနိုင်ငံသားများအား စစ်ဆေးဖော်ထုတ်ပြီး သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးအပ်နိုင်ရေးအတွက် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ သတင်းစဉ်

# ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းအတွင်းရှိ ကျောက်တံခါးနှင့် သူငွေးကုန်းဘူတာအကြား အစုန်ရထားလမ်းပေါ်၌ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုဖြစ်ပွား

နေပြည်တော် ဧပြီ ၂၈

ယနေ့ နံနက် ၇ နာရီအချိန် ကျောက်တံခါးဘူတာမှ ထွက်ခွာလာသော အမှတ်(၉၀၂)အစုန်ကုန်ရထားသည် ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းအတွင်းရှိ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ကျောက်တံခါးဘူတာနှင့် သူငွေးကုန်းဘူတာအကြား၊ မိုင်တိုင်အမှတ် ၁၀၇/၄-၅ နေရာသို့ရောက်ရှိချိန်တွင်အစုန်ရထားလမ်းပေါ်၌အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က ထောင်ထားသည့် မိုင်းပေါက်ကွဲမှုကြောင့် အစုန်ရထားလမ်း ထိခိုက်ပျက်စီးနေကြောင်း တွေ့ရှိရသဖြင့် ကျောက်တံခါးဘူတာသို့ ပြန်လည်ဆုတ်ခွာခဲ့ရပြီး ကျောက်တံခါးနှင့် သူငွေးကုန်းရထားလမ်းပိုင်းအား နံနက် ၇ နာရီ ၂၆ မိနစ်တွင် ယာယီပိတ်ထားခဲ့ရကြောင်း သတင်းရရှိသည်။

မိုင်းပေါက်ကွဲမှုဖြစ်စဉ် ဖြစ်ပွားရာနေရာသို့ နယ်မြေဒေသတာဝန်ရှိသူများ၊ နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်တို့က အချိန်နှင့်တစ်ပြေးညီ နယ်မြေရှင်းလင်းစစ်ဆေးဆောင်ရွက်ခဲ့ရာ မိုင်းခွဲခံရမှုကြောင့် အစုန်လမ်း၏ အရှေ့ဘက်သံလမ်း နှစ်ပေခန့် ပြတ်ထွက်ခြင်း၊ အနောက်ဘက်သံလမ်း ၁၅ ပေခန့် ကွေးကောက်၍ လမ်းခင်းကျောက်နှင့် ကွန်ကရစ်ဇလီဖားတုံးအချို့ ပျက်စီးခြင်းတို့အပြင် အခင်းဖြစ်ပွားရာ နေရာအနီး မပေါက်ကွဲသေးသည့် လက်လုပ်မိုင်းတစ်လုံးအား ထပ်မံတွေ့ရှိရသည်။

မြန်မာ့မီးရထားဝန်ထမ်းများအနေဖြင့် လမ်းပိုင်းအား အမြန်ဆုံး ပြန်လည်ဖွင့်လှစ်နိုင်ရေး စစ်ဆေးဆောင်ရွက်ခဲ့ပြီးနောက် ကျောက်တံခါးနှင့် သူငွေးကုန်းဘူတာအကြား အစုန်လမ်း၏ သံလမ်းအား လဲလှယ်ခြင်း၊ လမ်းပြုပြင်ခြင်းများကိုဆောင်ရွက်ခဲ့ပြီး မွန်းလွဲ ၂ နာရီ ၃၈ မိနစ်တွင် အဆိုပါလမ်းပိုင်းအား ပြန်လည်ဖွင့်လှစ်၍ ရထားများ ပုံမှန်အတိုင်း ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ မိုင်းပေါက်ကွဲမှုဖြစ်စဉ်ကြောင့် ယနေ့နံနက်ပိုင်းက ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းအတွင်း ပြေးဆွဲလျက်ရှိသော အမှတ်(၁၁)အဆန်အမြန်ရထားနှင့် အမှတ်(၇)အဆန် DEMU အမြန်ရထားတို့အား ညောင်လေးပင်ဘူတာ၌ အသီးသီးရောက်ရှိရပ်တန့်ထားခဲ့ရပြီး လမ်းပိုင်းစစ်ဆေးပြုပြင်ပြီးစီး၍ နံနက် ၈ နာရီ ၅၇ မိနစ်အချိန်မှသာ ပြန်လည်ထွက်ခွာပေးနိုင်ခဲ့သဖြင့် လူစီးရထားများ ၁ နာရီခန့်စီ ကြန့်ကြာမှုဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များအနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှစ၍ ယခုအချိန်အထိ မြန်မာ့မီးရထားလမ်းကွန်ရက်တစ်ခုလုံးတွင် ရထားလမ်းနှင့် ရထားဘူတာနယ်မြေအတွင်း မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း (၈၁) ကြိမ်၊ ရထားတံတား/သံလမ်းများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း(၁၇၅)ကြိမ်၊ ဘူတာအဆောက်အအုံနှင့် ဝန်ထမ်းနေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း(၁၆)ကြိမ် ကျူးလွန်ခဲ့ကြသည်။

အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် နိုင်ငံတော်ပိုင်ရထားစက်ခေါင်းနှင့် တွဲများ၊ ရထားလမ်းနှင့် တံတားများ၊ ခရီးသည်များနှင့် ကုန်စည်များ ထိခိုက်ပျက်စီးဆုံးရှုံးစေရေး၊ ရထားစီး ခရီးသွား ပြည်သူများအနေဖြင့် ရထားဖြင့် ခရီးသွားလာရာတွင် ကိုယ်စိတ်နှလုံးချမ်းမြေ့ပြီး အသက်အန္တရာယ်ကင်းရှင်းစွာဖြင့် လုံခြုံစိတ်ချစွာ သွားလာနိုင်မှုမရှိစေရေးအတွက် ရည်ရွယ်ပြီး ယခုကဲ့သို့ အကြိမ်ကြိမ်ကျူးလွန်ဖျက်ဆီးနေကြခြင်းဖြစ်သော်လည်း နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူ ခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှု အဆင်ပြေချောမွေ့မြန်ဆန်စေရေးအတွက် ရထားလမ်းနှင့် အခြေခံအဆောက်အအုံများ ပိုမိုတိုးတက်ကောင်းမွန်လာစေရေးနှင့် ရထားပို့ဆောင်ရေးစနစ် အဆင့်မြှင့်တင်ရေး စီမံကိန်းလုပ်ငန်းများကို ရည်မှန်းချက်ထားရှိ၍ အစဉ်တစိုက် အလေးထား စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်





ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းအတွင်းရှိ ကျောက်တံခါးနှင့် သူငွေးကုန်းဘူတာအကြား အစုန်ရထားလမ်းပေါ်၌ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုကြောင့် ရထားလမ်းပျက်စီးမှုအခြေအနေနှင့် မပေါက်ကွဲသေးသည့် လက်လုပ်မိုင်းတစ်လုံးအား ထပ်မံတွေ့ရှိရမှု။



အစုန်ရထားလမ်းပေါ်၌ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုကြောင့် ရထားလမ်းပျက်စီးမှုအား ပြန်လည်ပြုပြင်ဆောင်ရွက်ပြီး RGC ဖြင့် စမ်းသပ်ဖြတ်သန်းနေပုံ။

# နိုင်ငံတကာ အားကစား သတင်းများ

## အင်္ဂလိပ်အက်ဖ်အေဖလား ဗိုလ်လုပွဲအဆင့်တွင် မန်ချက်စတာစီးတီးအသင်းနှင့် ခရစ္စတယ်ပဲလေ့စ်အသင်းတို့ တွေ့ဆုံ

**လန်ဒန် ဧပြီ ၂၈**

အင်္ဂလိပ်အက်ဖ်အေဖလား ဗိုလ်လုပွဲအဆင့်တွင် မန်ချက်စတာစီးတီးအသင်းနှင့် ခရစ္စတယ်ပဲလေ့စ်အသင်းတို့ ထိပ်တိုက်တွေ့ဆုံလျက်ရှိသည်။

အင်္ဂလိပ်အက်ဖ်အေဖလား ဆီမီးဖိုင်နယ်အဆင့်တွင် ခရစ္စတယ်ပဲလေ့စ်အသင်းက အက်စတွန်ဗီလာအသင်းအား သုံးဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သလို မန်ချက်စတာစီးတီးအသင်းသည်လည်း နော်တင်ဟမ်ဖောရက်စ်အသင်းအား နှစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိပြီးနောက် ဗိုလ်လုပွဲအဆင့်သို့ အသီးသီး တက်ရောက်လာနိုင်ခြင်းဖြစ်သည်။

အင်္ဂလိပ်အက်ဖ်အေဖလား ဗိုလ်လုပွဲစဉ်အဖြစ် မန်ချက်စတာစီးတီးအသင်းနှင့် ခရစ္စတယ်ပဲလေ့စ်အသင်းတို့သည် လာမည့် မေ ၁၇ရက်တွင် အင်္ဂလန်နိုင်ငံ၊ ဝင်ဘာလေကွင်းတွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(အောက်ပုံ) (NGB)






## ၂၀၂၄-၂၀၂၅ အမျိုးသမီး ချန်ပီယံလိဂ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ အာဆင်နယ်အမျိုးသမီးအသင်း တက်ရောက်

**လန်ဒန် ဧပြီ ၂၈**

၂၀၂၄-၂၀၂၅ အမျိုးသမီး ချန်ပီယံလိဂ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ အာဆင်နယ်အမျိုးသမီးအသင်း တက်ရောက်နိုင်ခဲ့သည်။

အာဆင်နယ်အမျိုးသမီးအသင်းသည် အမျိုးသမီးချန်ပီယံလိဂ် ဆီမီးဖိုင်နယ်အဆင့်တွင် လိုင်ယွန်အမျိုးသမီးအသင်းအား နှစ်ကျော့ပေါင်းရလဒ် ငါးဂိုး၊ သုံးဂိုးဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

အာဆင်နယ်အမျိုးသမီးအသင်းသည် ၂၀၀၇ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် အမျိုးသမီးချန်ပီယံလိဂ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ တက်လှမ်းနိုင်ခြင်းဖြစ်သည်။

၂၀၂၄-၂၀၂၅ အမျိုးသမီးချန်ပီယံလိဂ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် လာမည့် မေ ၂၄ရက်တွင် အာဆင်နယ်အမျိုးသမီးအသင်းနှင့် ဘာစီလိုနာအမျိုးသမီးအသင်းတို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(အပေါ်ပုံ) (NGB)

## အာရှချန်ပီယံလိဂ်ဆီမီးဖိုင်နယ်အဆင့် ပွဲစဉ်များထွက်ပေါ်

**လန်ဒန် ဧပြီ ၂၈**

၂၀၂၄-၂၀၂၅အာရှချန်ပီယံလိဂ် ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်များ ယှဉ်ပြိုင်ကစားအပြီးတွင် ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်များ ထွက်ပေါ်လာခဲ့ပြီဖြစ်သည်။

အာရှချန်ပီယံလိဂ် ဆီမီးဖိုင်နယ်အဆင့်တွင် အယ်လ်နာဆာအသင်းနှင့် ဂျပန်ကလပ် ကာဝါဆာကီအသင်း၊ အယ်လ်အာလီအသင်းနှင့် အယ်လ်ဟီလာအသင်းတို့ အသီးသီး ထိပ်တိုက်တွေ့ဆုံလျက်ရှိသည်။



၂၀၂၄-၂၀၂၅အာရှချန်ပီယံလိဂ်ဆီမီးဖိုင်နယ်ပွဲစဉ်များကို လာမည့် ဧပြီ (၂၉၊ ၃၀)ရက်များတွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(အပေါ်ပုံ) (NGB)

## ဆိုချက်ခ်အား ခေါ်ယူရန် အဲဗာတန်အသင်း စိတ်ဝင်စား

**လန်ဒန် ဧပြီ ၂၈**

အဲဗာတန်အသင်းသည် ဝက်စ်ဟမ်းအသင်းကွင်းလယ်ကစားသမား ဆိုချက်ခ်အား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အသက်(၃၀)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ဝက်စ်ဟမ်းအသင်းနှင့်အတူ ၂၀၂၀-၂၀၂၁မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၂၆ ပွဲကစားပြီး ၃၆ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အဲဗာတန် အသင်းက ခေါ်ယူရန် စိတ်ဝင်စားလာခြင်းဖြစ်သည်။

ဝက်စ်ဟမ်းအသင်းကလည်း ဆိုချက်ခ်အတွက် မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် အဲဗာတန်အသင်းအနေဖြင့် နွေရာသီဈေးကွက်အတွင်းတွင် ဝက်စ်ဟမ်းအသင်းထံမှ ဆိုချက်ခ်အား ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည်ဖြစ်သည်။



(ဝဲပုံ) (NGB)

## ဘရာဟင်ဒီယက်ဇ် ရီးရဲလ်မက်ဒရစ်အသင်းမှ ထွက်ခွာမည်

**မက်ဒရစ် ဧပြီ ၂၈**

ရီးရဲလ်မက်ဒရစ်အသင်း ကွင်းလယ်တိုက်စစ်ကစားသမား ဘရာဟင်ဒီယက်ဇ် ယခုနှစ်ဘောလုံး ရာသီအကုန်တွင် အသင်းမှ ထွက်ခွာသွားမည်ဖြစ်သည်။

အသက်(၂၅)နှစ်အရွယ်ရှိ ကွင်းလယ်တိုက်စစ်ကစားသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

ကွင်းလယ်တိုက်စစ်ကစားသမား ဘရာဟင်ဒီယက်ဇ်သည် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၄၈ ပွဲကစားပြီး ခြောက်ဂိုးသွင်းယူကာ ခြေစွမ်းပြထားသည်။

ရီးရဲလ်မက်ဒရစ်အသင်းကလည်း ဘရာဟင်ဒီယက်ဇ်အတွက် သင့်တင့်သည့် ပြောင်းရွှေ့ဈေးနှုန်း ရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် ဘရာဟင်ဒီယက်ဇ်အနေဖြင့် ယခုနှစ်ဘောလုံးရာသီအကုန်တွင် ရီးရဲလ်မက်ဒရစ်အသင်းမှ ထွက်ခွာပြီး မည်သည့်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိသွားမည်လဲဆိုသည်မှာ စိတ်ဝင်စားဖွယ် စောင့်ကြည့်ရမည် ဖြစ်သည်။

(အောက်ပုံ) (NGB)




## ရပ်ရှ်ဖို့ဒ် ကြွက်သားဒဏ်ရာကြောင့် ရာသီကုန်အထိ အနားယူရဖွယ်ရှိ




**လန်ဒန် ဧပြီ ၂၈**

အက်စတွန်ဗီလာအသင်း တိုက်စစ်မှူး ရပ်ရှ်ဖို့ဒ် ကြွက်သားဒဏ်ရာကြောင့် ယခုနှစ်ဘောလုံးရာသီကုန်အထိ အနားယူရဖွယ်ရှိနေသည်။

အဆိုပါ တိုက်စစ်မှူးသည် အက်စတွန်ဗီလာအသင်းက မန်ချက်စတာစီးတီးအသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ရပ်ရှ်ဖို့ဒ် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် အက်စတွန်ဗီလာအသင်းအတွက်လည်း ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၇)နှစ်အရွယ်ရှိ တိုက်စစ်မှူး ရပ်ရှ်ဖို့ဒ်သည် ယခုနှစ်ဘောလုံးရာသီတွင် မန်ချက်စတာယူနိုက်တက်အသင်းမှ အက်စတွန်ဗီလာအသင်းသို့ အငှားဖြင့် လာရောက်ကစားပြီး ပြိုင်ပွဲစုံ ၁၇ပွဲ ကစားကာ လေးဂိုး သွင်းယူထားသည်။

(အပေါ်ဝဲပုံ) (NGB)

## 2025 Mutua Madrid Open တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်သို့ Alexander Zverev တက်ရောက်

**မက်ဒရစ် ဧပြီ ၂၈**

စပိန်နိုင်ငံ၊ မက်ဒရစ်မြို့တွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Mutua Madrid Open တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်သို့ ဂျာမနီတင်းနစ်ကစားသမား Alexander Zverev တက်ရောက်ခဲ့သည်။

အဆိုပါ ဂျာမနီတင်းနစ် ကစားသမား Alexander Zverev သည် 2025 Mutua Madrid Open တင်းနစ်ပြိုင်ပွဲ တတိယအဆင့်တွင် စပိန်တင်းနစ် ကစားသမား Alejandro Davidovich Fokina အား ၂-၆၊၇-၆၊၇-၆ ဖြင့် အနိုင်ရရှိကာ စတုတ္ထအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။



2025 Mutua Madrid Open တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်တွင် ဂျာမနီတင်းနစ်ကစားသမား Alexander Zverev နှင့် အာဂျင်တီးနားတင်းနစ်ကစားသမား Francisco Cerundolo တို့ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။

(အပေါ်ပုံ) (NGB)

## စပါးအသင်းအား ဂိုးပြတ်အနိုင်ယူပြီး ပရီးမီးယားလိဂ်ချန်ပီယံဆုအား လီဗာပူးအသင်း ထိုက်ထိုက်တန်တန် ဆွတ်ခူး

**လန်ဒန် ဧပြီ ၂၈**

၂၀၂၄-၂၀၂၅ ဘောလုံးရာသီ ပရီးမီးယားလိဂ် ချန်ပီယံဆုကို လီဗာပူးအသင်းက ထိုက်ထိုက်တန်တန် ဆွတ်ခူးနိုင်ခဲ့သည်။

ပရီးမီးယားလိဂ်ပွဲစဉ် (၃၄) အဖြစ် လီဗာပူးအသင်းက စပါးအသင်းအား ငါးဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရယူပြီး ချန်ပီယံဆုအား ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

လီဗာပူးအသင်းသည် ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ် ပွဲစဉ် ၃၄ပွဲကစားအပြီးတွင် ရမှတ် ၈၂မှတ်ဖြင့် အဆင့် (၁)နေရာတွင် ရပ်တည်ပြီး အဆင့် (၂)နေရာမှ အာဆင်နယ်အသင်းအား ၁၅မှတ်အထိ ဖြတ်ထားကာ ပြိုင်ပွဲပြီးဆုံးရန် လေးပွဲအလိုမှာပင် ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့သည်။



လီဗာပူးအသင်း ပရီးမီးယားလိဂ် ချန်ပီယံဆု ဆွတ်ခူးနိုင်ခဲ့ခြင်းကြောင့် အသင်းပရိသတ်များကလည်း တစ်ခဲနက်အောင်ပွဲခံခဲ့ကြသည်။

လီဗာပူးအသင်းသည် အသင်းသမိုင်းတစ်လျှောက်တွင်လည်း ပရီးမီးယားလိဂ်ချန်ပီယံဆုအား အကြိမ် (၂၀) မြောက် ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

(ဝဲပုံ) (NGB)

## ဥရောပ ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ (ဆီမီးဖိုင်နယ်) ပထမအကျော့ နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(ပြည်တွင်းအမှတ်ပေးပွဲအဆင့်) | နောက်ဆုံးတွေ့ဆုံမှုရလဒ် | အမှတ်ပေးပွဲဒိ် အိမ်/ဝေးရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၃၀-၄-၂၀၂၅ | အာဆင်နယ် - PSG | အာဆင်နယ် ၂-၀ PSG | အာဆင်နယ်(အိမ်) | ၁၇ | ၁၀ | ၆ | ၁ | ၃၃ | ၁၅ |
| နံနက်၀၁:၃၀နာရီ | (အင်္ဂလန်-၂) (ပြင်သစ်-၁) | (၂-၁၀-၂၀၂၄ ချန်ပီယံလိဂ် လိဂ်အဆင့်) | PSG(ဝေး) | ၁၅ | ၁၁ | ၄ | - | ၄၂ | ၁၆ |

# မန္တလေးငလျင်ကြီးကြောင့် ပျက်စီးမှုများအတွက် တစ်လအတွင်း ပြန်လည်ရှင်းလင်းရေးလုပ်ငန်းများကို နေ့မနား၊ ညမအား ဆောင်ရွက်ခဲ့

**မန္တလေး ဧပြီ ၂၈**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ လမ်းညွှန်ချက်များအတိုင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ မန္တလေးငလျင်ကြီးကြောင့် ပျက်စီးမှု များအတွက် ကယ်ဆယ်ရေးနှင့် ရှင်းလင်းရေးလုပ်ငန်းများကို နေ့မနား၊ ညမအား ဆောင်ရွက်ခဲ့သည်။

ထိုသို့ ကယ်ဆယ်ရေးနှင့် ရှင်းလင်းရေးလုပ်ငန်းများကို မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင် ယာဉ်၊ စက်ယန္တရားများအပြင် ပြင်ပကုမ္ပဏီ အဖွဲ့အစည်းများမှ ကူညီရောက်ရှိဆောင်ရွက်နေသည့် စက်ယန္တရားများအပါအဝင် နေ့မအား၊ ညမနား ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မန္တလေး (၆)မြို့နယ်အတွင်းမှ ပျက်စီးမှုများကို ယာဉ်၊ စက်ယန္တရား ၃၀၀ ကျော်ဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိသည့်အပြင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရှိ ဌာနအသီးသီးမှ အရာထမ်း၊ အမှုထမ်း၊ ယာယီဝန်ထမ်း ၄၅၉၈ ဦးက ရှင်းလင်းရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့သည်။

ငလျင်ဒဏ်ကြောင့် ပျက်စီးရှင်းလင်းမှုများကို ဆောင်ရွက်ရာတွင် Sky Villa၊ မန္တလေးတိုင်းဒေသကြီး သ/မ ဈေးချိုတိုက်တန်း၊ Golden City၊ မောင်ကိန်းရွှေဆိုင်၊ မြတောင်တိုက်၊ နန်းမြို့ရိုးနှင့် ရတနာပုံဥယျာဉ်၊ မစိုးရိမ်တိုက်သစ်၊ တိုက်ဟောင်း၊ ပြည်ကြီးမျက်ရှင် ယာဉ်ရပ်နားစခန်း၊ Grade Wall Hotel၊ ဗထူးကွင်း၊ လေဆိပ်ဟောင်း၊ ရတနာပုံရေကူးကန်ကယ်ဆယ်ရေးစခန်း စသည့်နေရာများတွင် ကယ်ဆယ်ရေးနှင့် ရှင်းလင်းရေးလုပ်ငန်းများကို နေ့စဉ်ဆောင်ရွက်ပေးခဲ့သည်။

ထို့အပြင် အောင်မြေသာစံ၊ ချမ်းအေးသာစံ၊ မဟာအောင်မြေ၊ ချမ်းမြသာစည်၊ ပြည်ကြီးတံခွန်၊ အမရပူရမြို့နယ်တို့အတွင်း ကယ်ဆယ်ရေးနှင့် ရှင်းလင်းရေးလုပ်ငန်းများကိုလည်း အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိရာ သန့်ရှင်းရေးဌာနမှ အမှိုက်သိမ်းယာဉ်များဖြင့် သိမ်းယူခြင်း၊ သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ မြောင်းဆယ်ယူခြင်းများကို ဆောင်ရွက်ခဲ့သည်။

အဆောက်အအုံနှင့် ကုန်ရုံဌာနမှ အဆောက်အအုံ ကြံ့ခိုင်မှု စစ်ဆေးရန် လိုင်စင်ရ အင်ဂျင်နီယာများနှင့်အတူ ကွင်းဆင်းစစ်ဆေးခြင်း၊ မှတ်တမ်းဓာတ်ပုံရိုက်ခြင်း၊ လျှပ်စစ်မီးရရှိအောင်ဆောင်ရွက်ခြင်း၊ ပျက်စီးအဆောက်အအုံများ စာရင်းပြုစုခြင်း၊ ယာယီကယ်ဆယ်ရေးစခန်းများ တည်ဆောက်ခြင်း၊ ပျက်စီးမှုအဆင့်အတန်းအလိုက် သတ်မှတ်ဆောင်ရွက်ခြင်းများကို ဆောင်ရွက်ခဲ့သည်။

လမ်းတံတားဌာနမှ မြို့တော်အတွင်း ပျက်စီးသွားသည့် မြို့ပတ်လမ်း(ရွှမ်းလေးကျွန်း)ကန်တော်ကြီးပတ်လမ်းများ၏ ပျက်စီးမှုများကို ရာနှုန်းပြည့် ပြင်ဆင်ဆောင်ရွက်ခဲ့သည်။

ဈေးနှင့် ငလျင်ဒဏ်သင့် ပြည်သူများကို ဈေးနှင့် သားသတ်ဌာနမှလည်း မြို့နယ်(၆)မြို့နယ်အတွင်း ပျက်စီးသွားသည့် ဆိုင်ခန်းများကို ယာယီဆိုင်ခန်းများ ချထားပေးခြင်းနှင့်အတူ အခြေခံစားသောက်ကုန်များကို နေ့စဉ်မြို့နယ်အလိုက် ဖြန့်ခွဲရောင်းချပေးလျက်ရှိသည်။

သန့်ရှင်းရေးဌာနမှ ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသည့် သာသနိက အဆောက်အအုံများအပါအဝင် မြို့ပေါ် (၆)မြို့နယ်အတွင်းရှိ ပုံမှန်သန့်ရှင်းရေးလုပ်ငန်းများအပြင် အခြားရှင်းလင်းရေးလုပ်ငန်းများကို ပန်းဥယျာဉ်နှင့် ကစားကွင်းများ ဌာနနှင့်အတူ ဆောင်ရွက်ပေးခဲ့သည်။

မန္တလေး (၆)မြို့နယ်အတွင်း၌ လုံးဝပျက်စီးသည့် အဆောက်အအုံ ၄၀၀၀ ကျော်ကို မှတ်တမ်းရယူ



ပြီး ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရာ ဧပြီ ၂၇ ရက်အထိ ဖယ်ရှားရှင်းလင်းအရေအတွက် ၁၅၀၀ ကျော်၊ ရှင်းလင်းရန်ကျန် ၂၃၀၀ ကျော်ရှိနေပြီး တစ်လအတွင်း ၅၀ ရာခိုင်နှုန်း နီးပါး ရှင်းလင်းခဲ့ပြီးဖြစ်သည်။

ယင်းရှင်းလင်းရေးလုပ်ငန်းများကို လိုင်စင်ရ အင်ဂျင်နီယာများက ပျက်စီးမှုများအဆင့် သတ်မှတ်ရာတွင် အဆောက်အအုံ ပုဂ္ဂလိက ၁၅၀၀ နီးပါးကို စစ်ဆေးပြီးဖြစ်ရာ အပြာရောင်၊ လိမ္မော်ရောင်၊ အနီရောင်အဆင့်များကိုသတ်မှတ်ပေးခဲ့ပြီး မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ဖွဲ့စည်းထားသော စစ်ဆေးရေးအဖွဲ့မှ အဆောက်အအုံ ၁၄၀၀ ကျော်ကို အပြာရောင်၊ လိမ္မော်ရောင်၊ အနီရောင်အဆင့်များ သတ်မှတ်ပေးခဲ့သည်။

မန္တလေး(၆)မြို့နယ်အတွင်း အရေးကြီး လမ်းမီးများနှင့် ၂၄ နာရီလိုင်းများ Solar မီးတပ်ဆင်မှုများကို (၆)မြို့နယ်အတွင်း တပ်ဆင်ခဲ့ရာ ၁၂၈ နေရာရှိသည့်အနက် ၇ နေရာသာ ပြုပြင်ရန် ကျန်ရှိသည်။

လက်ရှိအချိန်တွင် အောင်မြေသာစံမြို့နယ်အတွင်း ယာယီနေထိုင်သူများကို စန္ဒာမုနိဘုရားဝင်းအတွင်းနှင့် အ.ထ.က(၁၇)အတွင်း အိမ်ထောင်စု ၂၃၂ စု လူဦးရေ ၅၉၀ ဦးကို ယာယီနေရာချထားပြီး လိုအပ်သော ကူညီကယ်ဆယ်ရေး လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

မန္တလေးငလျင်ကြီး စတင်ဖြစ်ပွားသည့်အချိန်မှစ၍ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ အလှူငွေကျပ်၂၄၄၂၀၀၀၀၀ ရရှိပြီး ၇၁၄၉၂၉၀၀ သုံးစွဲခဲ့ပြီးဖြစ်ကာ စက်သုံးဆီ လှူဒါန်းမှု ဂါလန် ၂၃၀၀ ကျော်ရရှိပြီး ဂါလန် ၄၀၀၀ နီးပါး သုံးစွဲထားရာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ဂါလန် ၁၆၀၀ ကျော်ကို ပုံမှန်လုပ်ငန်း ဆောင်ရွက်မှုများမှ စိုက်ထုတ်သုံးစွဲထားရသည်။

ထို့အပြင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ငလျင်ဒဏ်သင့် ဝန်ထမ်းများကို အမြန်ဆုံး ပြန်လည်နေရာချထားရန်အတွက် ဝန်ထမ်းများနေမည့် ယာယီအဆောက်အအုံများကို ပြင်ဆင်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မန္တလေးငလျင်ကြီးဒဏ်ကြောင့် မတ် ၂၈ ရက်မှ ဧပြီ ၂၇ ရက်အထိ ရှိုးရှိုးနှင့် ငလျင်သေဆုံးမှု ကျား၊ မ ၂၀၀၀ ကျော် သင်္ဂြိုဟ်ခဲ့ကြောင်း အေးရိပ်ငြိမ်သုသာန်နှင့် တောင်အင်းမြောက်အင်းသုသာန်တို့၏ နေ့စဉ် သင်္ဂြိုဟ်မှုစာရင်းများအရ သိရသည်။

**(မန္တလေးနေ့စဉ်-၆)**

ဝ-ဝ-ဝ-ဝ

ဝ-ဝ-ဝ-ဝ-ဝ-ဝ

# မန္တလေးငလျင်ကြီး လှုပ်ရှားမှု တစ်လပြည့်ချိန်အထိ နောက်ဆက်တွဲငလျင်ငယ် (၁၅၈) ကြိမ် လှုပ်ရှားခဲ့ပြီး လှုပ်ရှားမှုအကြိမ်ရေ အင်အားလျော့နည်းလာ

**မန္တလေး ဧပြီ ၂၈**

မန္တလေးမြို့ အရှေ့မြောက်ဘက် ၁၃ မိုင်ခန့်အကွာတွင် အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၇ ဒသမ ၇ ဖြင့် မတ် ၂၈ ရက် မွန်းလွဲ ၁၂ နာရီ ၅၁ မိနစ်ခန့်က အင်အားပြင်း မန္တလေးငလျင်ကြီး လှုပ်ရှားခဲ့ပြီးနောက် နောက်ဆက်တွဲငလျင်ငယ်များ အပါအဝင် (၁၅၈)ကြိမ် လှုပ်ရှားခဲ့ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန မှတ်တမ်းများအရ သိရသည်။

အဆိုပါငလျင်ကြီးကြောင့် မန္တလေး၊ အမရပူရ၊ အင်းဝ၊ မိတ္ထီလာ၊ စစ်ကိုင်း၊ နေပြည်တော် စသည့်ဒေသများမှ ရှေးဟောင်းအမွေအနှစ်၊ ဘုရား၊ ကျောင်းကန်၊ စေတီပုထိုးများနှင့် လူနေအဆောက်အအုံများ ပျက်စီးခဲ့သည်။

"ငလျင်လှုပ်မယ်ဆိုတာ ကြိုတင်တိုင်းတာသိရှိနိုင်ခြင်းမရှိပါဘူး။ ငလျင်သဘာဝအရ ငလျင်ကြီးလှုပ်ရှားပြီးရင် ငလျင်ငယ်တွေ လှုပ်လေ့ရှိသလို ငလျင်ကြီးမတိုင်မီ ကြိုတင်ပြီး ငလျင်ငယ်တွေ လှုပ်တဲ့ သဘာဝရှိပါတယ်။ အခု လှုပ်ခဲ့တဲ့ နောက်ဆက်တွဲငလျင်ငယ်တွေကိုကြည့်ရင် တဖြည်းဖြည်း အင်အားနည်းလာသလို အကြိမ်ရေ လျော့လာတာ တွေ့ရတယ်"ဟု မိုး/ဇလမှ တာဝန်ရှိသူ တစ်ဦးက ပြောသည်။



ငလျင်လှုပ်ရှားမှုမှတ်တမ်းများအရ မတ် ၂၈ ရက်တွင် အင်အား ၇ ဒသမ ၇ လှုပ်ပြီး မကြာမီ ၇ ဒသမ ၅ ဖြင့် လှုပ်ရှားခဲ့သည့်အပြင် အင်အားရစ်ချ်တာစကေး ၄ နှင့် ၆ ကြားဖြင့် လှုပ်ရှားမှုများ အပါအဝင် စုစုပေါင်း (၁၃)ကြိမ် လှုပ်ရှားခဲ့ကြောင်း၊ မတ် ၂၉ ရက်တွင် အင်အားရစ်ချ်တာစကေး ၅ ဒသမ သုည လှုပ်ရှားမှုအပါအဝင် စုစုပေါင်း (၁၁)ကြိမ်၊ ၃၀ ရက်တွင် အင်အားရစ်ချ်တာစကေး ၅ ဒသမ ၂ အပါအဝင် စုစုပေါင်း (၁၀) ကြိမ်၊ ၃၁ ရက်တွင် (၁၃)ကြိမ် လှုပ်ရှားခဲ့သည်။

ဧပြီ ၁ ရက်က (၇)ကြိမ်၊ ၂ ရက်က (၈)ကြိမ်၊ ၃ ရက်က (၈)ကြိမ်၊ ၄ ရက်က (၆)ကြိမ်၊ ၅ ရက်က (၁၁)ကြိမ်၊ ၆ ရက်က (၇)ကြိမ်၊ ၇ ရက်က (၅) ကြိမ်၊ ၈ ရက်က (၈)ကြိမ်၊ ၉ ရက်က (၅)ကြိမ်၊ ၁၀ ရက်က (၂)ကြိမ်၊ ၁၁ ရက်က (၅)ကြိမ်၊ ၁၂ ရက်က (၇)ကြိမ်၊ ၁၃ ရက်က (၃)ကြိမ်၊ ၁၄ ရက်က (၁) ကြိမ်၊ ၁၅ ရက်က (၃)ကြိမ်၊ ၁၆ ရက်က (၃)ကြိမ်၊ ၁၇ ရက်က (၃)ကြိမ်၊ ၁၈ ရက်က (၅) ကြိမ်၊ ၁၉ ရက်က (၄)ကြိမ်၊ ၂၀ ရက်က (၁)ကြိမ်၊ ၂၁ ရက်က (၃)ကြိမ်၊ ၂၃ ရက်က (၁)ကြိမ်၊ ၂၅ ရက်က (၁)ကြိမ်၊ ၂၆ ရက်က (၁)ကြိမ်၊ ၂၇ ရက်က (၁) ကြိမ်၊ ၂၈ ရက်တွင် (၁)ကြိမ် စုစုပေါင်း (၁၅၈)ကြိမ်ရှိကြောင်း သိရသည်။

ဧပြီ ၁၁ ရက်က ဝမ်းတွင်းမြို့ အရှေ့တောင်ဘက် ၅ မိုင်အကွာကို ဗဟိုပြု၍ အင်အား ၅ ဒသမ သုညရှိ ငလျင်လှုပ်ရှားခဲ့ပြီး ၁၃ ရက်ကလည်း ဝမ်းတွင်းမြို့ အရှေ့မြောက်ဘက် ၄ မိုင်ခန့်အကွာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ ဒသမ ၅ ဖြင့် လှုပ်ရှားခဲ့ကြောင်း၊ ဧပြီ ၁၈ ရက်နောက်ပိုင်းတွင် ငလျင်လှုပ်ရှားမှု အကြိမ်ရေ သိသာစွာ လျော့နည်းလာသကဲ့သို့ အင်အားလည်း လျော့နည်းလာကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၉)**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင်းရပ်ကွက်၊ အကွက်အမှတ်(၉၄)၊ ၁၉လမ်း၊ ၈၉လမ်းနှင့် လမ်း၉၀ကြား၊ ဦးပိုင်အမှတ်(၂၇-၌)၊ ဧရိယာ ၀.၀၄၁၃ ဧကရှိ ဘိုးဘပိုင်မြေကွက်သည် ဦးပိုက် အမည်ပေါက် ဖြစ်ပါသည်။ ၎င်းမြေကွက်ကို မန္တလေးမြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၊ အမွေဆက်ခံပိုင်ဆိုင်ကြောင်းကြေညာစာတမ်းစာချုပ်၊ အမှတ်စဉ် ၄၁၀၂/၂၀၂၀ အရ ဦးပြေအေး၊ ၉/မနမ(နိုင်) ၀၁၄၀၉၂ (ဘ) ဦးဖဲဝါ က အမွေဆက်ခံရရှိပြီး လက်ရှိနေထိုင်ပိုင်ဆိုင်လျက်ရှိပါသည်။

အထက်ပါမြေကွက်အား ပိုင်ရှင်ဖြစ်သူ ဦးပြေအေး ထံမှ ကျွန်ုပ်တို့၏ အမှုသည်က အပိုင်ဝယ်ယူရန် သဘောတူညီသဖြင့် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်ပြောဆိုလိုပါက ဤကြေညာသည့်နေ့မှစ၍ (၁၄)ရက်အတွင်း မိမိအထောက်အထားပြသည့် စာရွက်စာတမ်းမူရင်း၊ စာချုပ်စာတမ်းမူရင်းတို့နှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ချက်အရ -

| | |
|---|---|
| ဦးစံထွန်း ( ဥပဒေဘွဲ့ ) | ဒေါ်ချစ်အိခိုင် ( ဥပဒေဘွဲ့ ) |
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |
| **0951 12345** | **094025 78800** |

"မိုးကုတ်ခြံ" ၁၄လမ်း၊ ၈၇လမ်းနှင့်၈၈လမ်းကြား၊ မန္တလေးမြို့။

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ်(ညည-၉၀)၊ ဦးပိုင်အမှတ်(၅၃)မြေကွက်သည် ဒေါ်သန်းအမည်ဖြင့် ချထားပေးသောမြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်ထဲရှိ မြောက်အစွန်ဆုံးခြမ်း(၁၅×၄၀)ပေ အကျယ်အဝန်းရှိသော မြေနှင့်အိမ်၊ ရေ၊ မီးအပါအဝင် ယင်းမြေပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်သည်ဟု အဆိုပြုသူ ဒေါ်ချိုချိုဇင်ထံမှ ကျွန်ုပ်၏အမှုသည်က ဝယ်ယူရန်သဘောတူညီပြီး ရောင်းကြေးငွေ၏ ထက်ဝက်ကျော်ဖြစ်သောငွေကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**ဒေါ်တင်နွယ်ဝင်း(ဥပဒေဘွဲ့)**

**တရားလွှတ်တော်ရှေ့နေ**

တတ-၄၆/၁၆၊ ၅၇-စီလမ်း၊ ၁၂၄လမ်းနှင့် ၁၂၅လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၆၅၃၈၉၉၇၂၊ ၀၉-၄၃၁၆၉၄၂၈။

## ဦးမောင်သိန်း (မန်းစည်ပင်-ငြိမ်း)

## အသက် (၇၅)နှစ်

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်၊ အောင်တော်မူဘုရားကိုးဆူပင်မစခန်း၊ မေတ္တာရှင်သာသနာပြုအဖွဲ့ ဦးစီးခေါင်းဆောင်ဖြစ်သော

## မဟာမင်္ဂလဓမ္မအဇာတိကဓဇ ဦးမောင်သိန်း (မန်းစည်ပင်-ငြိမ်း)

## အသက် (၇၅)နှစ်

သည် ၁၃၈၇ခု၊ ကဆုန်လဆန်း(၂)ရက်၊ (၂၈-၄-၂၀၂၅)ရက်၊ နံနက်(၃း၁၀)နာရီအချိန်တွင်(၉၆)ပါးသော ရောဂါဝေဒနာဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သောရုပ်ကလာပ်အား အမရပူရမြို့နယ်၊ မှန်တန်းရပ်၊ အောင်တော်မူဘုရားကိုးဆူပင်မစခန်း၊ မေတ္တာရှင်သာသနာ့နယ်မြေမှ ၁၃၈၇ခု၊ ကဆုန်လဆန်း(၄)ရက်၊ (၃၀-၄-၂၀၂၅)ရက်နေ့၊ နံနက်(၁၀း၀၀)နာရီအချိန်တွင် အေးရိပ်ငြိမ်သုသာန်သို့ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေး၊ ရပ်နီးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားသိစေအပ်ပါသည်။

**ကျန်ရစ်သူမိသားစုနှင့် တပည့်သာဝကများ**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(လလ-၂၂)၊ ဦးပိုင်အမှတ်(၁-င)၊ ဧရိယာ(၀ ဒသမ ၂၇၈)ဧက အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပေါက်ရောက်သစ်ပင်၊ ဝင်းခြံ အကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးဆန်ဒစ်ဆင်(ဘ)ဦးအမာဂျစ်ဆင်(ခ)ကပ်ကူး(၁/မကန(နိုင်)၁၁၇၃၄၂)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေအချို့ ပေးချေပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးလှဘုန်း (LL.B)**

**တရားလွှတ်တော်ရှေ့နေ**

| | | | | |
|---|---|---|---|---|
| **ဦးရဲဝင်း (LL.B)** | **ဦးပြည့်ကိုကို (LL.B)** | **ဒေါ်မြင့်မြင့်အေး (LL.M)** | **ဒေါ်ချောစု (LL.B)** | **ဒေါ်မဥ္စူမြင့် (LL.B)** |
| **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |

အမှတ်(အေ-၁)၊ ၆၇လမ်း၊ ၃၁(အေ)လမ်းနှင့် ၃၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။
ဖုန်း ၀၉-၂၀၃၇၈၆၇၊ ၀၉-၇၆၂၀၃၇၈၆၇၊ ၀၉-၇၉၂၀၃၇၈၆၇၊ ၀၉-၄၀၂၀၃၇၈၆၇

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၃၁)၊ ဦးပိုင်အမှတ်(၂၉)မြေကွက်သည် ဦးညွန့်တင်အမည်ဖြင့် ချထားပေးသောမြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်ထဲရှိ မြောက်အစွန်ဆုံး၏ တောင်ဘက်ခြမ်း(၁၅×၄၀)ပေ အကျယ်အဝန်းရှိသော မြေ၊ အိမ်၊ ရေ၊ လျှပ်စစ်မီတာအပါအဝင် ယင်းမြေပေါ်ရှိ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်သည်ဟု အဆိုပြုသူ ဦးမျိုးမင်းကျော်ထံမှ ကျွန်ုပ်၏အမှုသည်က ဝယ်ယူရန်သဘောတူညီပြီး ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သောငွေကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**ဒေါ်တင်နွယ်ဝင်း (ဥပဒေဘွဲ့)**

**တရားလွှတ်တော်ရှေ့နေ**

တတ-၄၆/၁၆၊ ၅၇-စီလမ်း၊ ၁၂၄လမ်းနှင့် ၁၂၅လမ်းကြား၊
(စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။
ဖုန်း ၀၉-၂၆၅၃၈၉၉၇၂၊ ၀၉-၄၃၁၆၉၄၂၈။

## နယူးတက် လျှပ်စစ်ပစ္စည်းအရောင်းဆိုင်အတွက်

**အမျိုးသမီးဝန်ထမ်း**

-အသက်(၂၀)နှစ်မှ (၂၅)နှစ်အတွင်း

-အထက်တန်း(၁၀)တန်း အောင်ပြီးသူဖြစ်ရမည်။

-စာရင်းကိုင်/အရောင်းပိုင်း အတွေ့အကြုံရှိပြီးသူ ဖြစ်ရမည်။

**အကူယောကျ်ားလေးဝန်ထမ်း**

-အသက်(၂၀)နှစ်မှ (၂၅)နှစ်အတွင်း

-(၈)တန်းအောင် ဖြစ်ရမည်။

-အကြမ်းခံနိုင်ပြီး အလေးအပင် နိုင်နင်းစွာ မ,နိုင်ရမည်။

**ကားမောင်းဝန်ထမ်း**

-အသက်(၂၅)နှစ်မှ (၃၀)နှစ်အထိ

-(၈)တန်းအောင် ဖြစ်ရမည်။

-ကားအကြောင်း အကြမ်းဖျဉ်း သိရှိနားလည်ရမည်။

-အလေးအပင် မ,နိုင်သူဖြစ်ရမည်။

ဝန်ထမ်း(၃)ဦးလုံး -မန္တလေးတွင်နေထိုင်သူဖြစ်ရမည်။
-အိမ်ထောင်မရှိသူ ဖြစ်ရမည်။

**ဆက်သွယ်ရန်ဖုန်း ၀၉-၂၀၁၃၂၉၀၊ ၀၉-၇၇၇၇၉၃၄၇၆၊ ၀၉-၆၆၈၁၀၄၅၅၆ သို့ ဖုန်းဆက်လျှောက်ထားနိုင်ပါသည်။**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်(စ-၄)၊ ဦးပိုင်အမှတ်(၃-က)၊ ဧရိယာ(၀ ဒသမ ၀၂၇၅)ဧက အကျယ်အဝန်းရှိ ဒေါ်လှလှ(၉/မရတ(နိုင်)၀၁၈၁၄၃)၊ ဒေါ်မမကြီး(၉/မရတ(နိုင်)၀၁၈၁၁၃)နှင့် ဒေါ်နွယ်ဦး(၉/မရတ(နိုင်)၀၁၈၁၁၅)တို့အမည်ပေါက် ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နံကပ်(၂)ထပ်အဆောက်အအုံ (ရေ+မီး)အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အထူးကိုယ်စားလှယ်လွှဲစာဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးစိုးနိုင်(ဘ)ဦးချစ်မောင်(၉/မရတ(နိုင်)၀၉၆၀၃၂)ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက် အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဦးသန်းရွှေ B.A(Hist), H.G.P (အထက်တန်းရှေ့နေ)**

၅၇လမ်း၊ ၁၂၂လမ်းနှင့် ၁၂၃လမ်းကြား၊ သင်ပန်းကုန်းရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။
ဖုန်း ၀၉-၅၁၄၀၄၇၈၊ ၀၉-၇၆၇၆၃၈၅၀၁

## အများသိစေရန် အသိပေးကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့နယ်၊ အောင်သာကျေးရွာရှိ အကွက်အမှတ်(၆၂၃/၁၆၀၅-ဇရပ်ကုန်း)၊ ဦးပိုင်အမှတ်(၁၆၂/၂၇၉/၁)၊ ဧရိယာ(၁ ဒသမ ၁၅)ဧက ယာမြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်အတွင်းမှ အခြားနည်းဖြင့်အသုံးပြုရန်ခွင့်ပြုသည့် ဧရိယာ(၀ ဒသမ ၇၇)ဧက အကျယ်အဝန်းရှိ အဆောက်အအုံအပါအဝင် မြေကွက်သည် အရပ်ကတိစာချုပ်ဖြင့် လက်ရှိလက်ရောက်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးစိုးထွန်းဦး(ဘ)ဦးသောင်းတင်(၅/ဝလန(နိုင်)၁၀၄၇၃၆)ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီပြီး စရန်ငွေ တချို့တစ်ဝက်ကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးနောက် ကန့်ကွက်သူမရှိပါက ဤမြေအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးချစ်စန်းမောင် (LL.B)** | **ဒေါ်မွန်မွန်လှိုင် (LL.B)** |

**တရားလွှတ်တော်ရှေ့နေများ**

ဆင်စွယ်ပွတ်ရပ်ကွက်၊ အမရပူရမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၅၉၀၈၈၆၅၂၊ ၀၉-၂၅၁၁၁၅၅၆၀



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အခမ်းအနားတက်ရောက်လာကြသူများက ဆရာတော်၊ သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူကြသည့် မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုစဉ်။

◎ ရှေ့ဖုံးမှ

ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### မှတ်တမ်းရုပ်သံဗီဒီယိုကြည့်ရှု

ဦးစွာ မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးခဲ့မှုအခြေအနေများ၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ပြည်တွင်းမှကူညီကယ်ဆယ်ရေးအဖွဲ့များ၊ နိုင်ငံတကာမှ ရောက်ရှိလာသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များ အတူတကွ ပူးပေါင်း၍ အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့မှုအခြေအနေများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စနစ်တကျဖြင့် ဦးစားပေးအဆင့်အလိုက် ဆက်လက်ဆောင်ရွက်နေမှု အခြေအနေများကို တင်ဆက်ထားသည့် မှတ်တမ်းရုပ်သံဗီဒီယိုအား ကြည့်ရှုကြသည်။

ထို့နောက် မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် ပျံလွန်၊ ကွယ်လွန်ခဲ့ကြရသည့် ရဟန်း၊ ရှင်၊ လူပြည်သူများအား ရည်စူး၍ တစ်လပြည့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲကို "နမောတဿ" သုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ကြပြီး မဟာသီဟနာဒ ကျောင်းတိုက် ဆရာတော်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

### နာယူကြည်ညို

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် ဆရာတော်၊ သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူကြသည့် မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က ပေါက်မြိုင် ဆရာတော်ကြီးထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

စာမျက်နှာ ၃ သို့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ် မဟာသီဟနာဒဆရာတော်ကြီးထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

# ငလျင်ဒဏ်သင့်ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ



**မန္တလေး ဧပြီ ၂၈**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ယနေ့နံနက်ပိုင်းက မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၂)ရပ်ကွက်၊ ၆၂လမ်း၊ ၃၉လမ်းနှင့် လမ်း၄၀ကြား၊ ချမ်းမြသာစည်မြို့နယ်၊ အကွက်(၄၈၀)၊ တမ္ပဝတီရပ်ကွက်၊ စစ်ကိုင်း-မန္တလေး လမ်းဘေးတွင် ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်ကို ဧပြီ ၂၉ ရက်တွင် အောင်မြေသာစံမြို့နယ်၊ အောင်တော်မူရပ်ကွက်၊ ၆၃လမ်း၊ ၂၄လမ်းနှင့် ၂၅လမ်းကြား၊ ပြည်ကြီးတံခွန်မြို့နယ်၊ ညရပ်ကွက်၊ ၄၉လမ်း၊ ၁၃၉လမ်းနှင့် ၁၄၀လမ်းကြားတို့တွင်လည်းကောင်း၊ ဧပြီ ၃၀ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်ရပ်ကွက်၊ အကွက်(၂၃၅)၊ လမ်း၉၀ နှင့် ၃၀လမ်းထောင့် ကျောက်ဆစ်မီးသတ်အနီး၊ အမရပူရမြို့နယ်၊ ရှမ်းကလေးကျွန်းကျေးရွာ၊ ရွာလယ်မွှောရုံတို့တွင်လည်းကောင်း၊ မေ ၁ ရက်နေ့တွင် ကမ္ဘာ့အလုပ်သမားနေ့ရုံးပိတ်ရက်အဖြစ် သက်သာဈေးရောင်းချမှု ရပ်နားထားပြီး မေ ၂ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ၂၇ လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြား၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးကြီးအတွင်း၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ ၅၄လမ်း၊ လမ်း၁၁၀နှင့် ၁၁၁လမ်းကြားတို့တွင်လည်းကောင်း၊ မေ ၃ ရက်တွင် အောင်မြေသာစံမြို့နယ်၊ ဘုန်းတော်တိုးရပ်ကွက်၊ အကွက်(၄၁)၊ ၂ လမ်း၊ အမရပူရမြို့နယ်၊ ဆင်စွယ်ပွတ်ရပ်ကွက်၊ ပန်းပဲတန်းရပ်၊ ပြည်သူ့ဆေးရုံမြောက်ဘက်တွင်လည်းကောင်း၊ မေ ၄ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာအနောက်၊ အကွက်(၅၄၉)၊ ၃၄လမ်း၊ ၈၅လမ်းနှင့် ၈၆လမ်းကြား၊ မလွန်ရေတွန်းစက်ရုံဘေး၊ ချမ်းမြသာစည်မြို့နယ်၊ ဘဘ-၁၁၊ မြရည်နန္ဒာရပ်ကွက်၊ ၄၈လမ်းနှင့် ၄၉လမ်းကြား၊ ၁၁၄လမ်းတို့တွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းငွေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ပြီး အဆင်ပြေစွာဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၆)